ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့၊ (29-4-2011)(၆၇၄၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ဟသ်ာတ - ဆုံကုန်း - မြန်အောင်လမ်းပေါ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ပထမဦးဆုံးဖွင့်လှစ်သောတံတား အမှတ်စဉ်(၁) မမြချောင်းတံတား ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁)မှ တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ဟသ်ာတ-ဆုံကုန်း- မြန်အောင်လမ်းပေါ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ပထမဦးဆုံး ဖွင့်လှစ်သောတံတား အမှတ်စဉ်(၁) မမြချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါတံတားအနီးရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပသည်။

မမြချောင်းတံတားအမျိုးအစားမှာ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၁၉၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီ ပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။

၎င်းတံတားကြီး ဖွင့်လှစ်ပေးလိုက်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသည့် ရေထွက်ပစ္စည်းနှင့် ဆန်စပါးများကို မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ လမ်းကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင်လည်း အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**❄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်တို့ မမြချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဟသ်ာတ-ဆုံကုန်း-မြန်အောင်လမ်းပေါ်ရှိ မမြချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

မမြချောင်းတံတား အမျိုးအစားမှာ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၁၉၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်)တန် ၆၀ ဖြစ်။

အခြေခံပညာအဆင့်မှစ၍ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်များ ထက်မြက်မြင့်မားလာစေရန် လေ့ကျင့်သင်ကြားပေးရေးနှင့် အတွေးအခေါ်များပါ မြှင့်တင်ပြောင်းလဲ

နေပြည်တော် ဧပြီ ၂၈

အခြေခံပညာအထက်တန်းအဆင့်နှင့် အဆင့်မြင့်ပညာအဆင့်တွင် လေ့လာသင်ယူနိုင်မှုစွမ်းရည်မြင့်မားရေးအတွက် အခြေခံပညာအဆင့်မှစ၍ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်များ ထက်မြက်မြင့်မားလာစေရန် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ခေတ်ပြောင်းစနစ်ပြောင်းကာလမှာ မိမိတို့၏ အတွေးအခေါ်များကိုပါ မြှင့်တင်ပြောင်းလဲပြီး အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည့် ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းအုပ်ချုပ်မှုမွမ်းမံသင်တန်း အမှတ်စဉ် (၅/၂၀၁၁) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ပညာသင်ဆုပေး

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတကြီး၏ ပညာရေးဆိုင်ရာ လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ မသင်မနေရ မူလတန်းပညာရေးစနစ် ချမှတ်ဆောင်ရွက်ရေး၊ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးရေး၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ **စာမျက်နှာ ၈ ကော်လံ ၄ သို့**❖

၂၉-၄-၂၀၁၁
(သောကြာနေ့)

လမ်းတံတားများ အစဉ်ကောင်းမွန်အောင် ထိန်းသိမ်း

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးဖြစ်သည်။ ဒေသတစ်ခုနှင့် တစ်ခုအကြား လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူပြုသည်။ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ တစ်ပြိုင်တည်း တိုးတက်မြင့်မားလာမည် ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးကဲ့သို့ မြစ်ချောင်း၊ အင်းအိုင်ပေါများသည့်ဒေသသည် မြေဆီမြေနှစ် ကောင်းမွန်ပြီး သဘာဝသယံဇာတကြွယ်ဝသော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ကုန်စည်ပို့ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာခဲ့ရသည်။ ကားတစ်တန်၊ ရထားတစ်တန်၊ သင်္ဘော၊ စက်လှေတစ်တန် သွားကြရသဖြင့် အချိန်များစွာ ကြန့်ကြာမှုရှိခဲ့သည်။

ယခုအခါ လမ်းသစ်၊ တံတားသစ်များ ဖောက်လုပ်တည်ဆောက်ပေးထား၍ အလွယ်တကူ သွားလာနိုင်ကြပြီ။ ဆန်စပါး၊ ပဲအမျိုးမျိုး၊ သား၊ ငါး၊ ဆားနှင့် ရေထွက်ကုန်ပစ္စည်းများ မြန်ဆန်သွက်လက်စွာ ပို့ဆောင်ရောင်းဝယ်နေကြပြီ။ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို တည်ဆောက်မြှင့်တင်ပေးလျက်ရှိသည်။ နောင်တွင် ယခုထက်ပို၍ လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူလာပေမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တံတားတည်ဆောက်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးလျက်ရှိရာ ဧပြီ ၂၅ ရက်တွင် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိစဉ် တာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌ **“စီမံကိန်းအသစ်များ အကောင်အထည်ဖော်ဆောင်ရွက်သကဲ့သို့ ယခင်တည်ရှိပြီးဖြစ်သော လမ်းတံတားများကိုလည်း အစဉ်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းမွမ်းမံသွားကြရန် လိုအပ်ကြောင်း၊ ငွေကြေးသုံးစွဲမှုတွင် ဖြိုးဖြန်းတ၍ မကုန်သင့်သည်ကို ကုန်ကျမှု မရှိစေရေး စီမံဆောင်ရွက်သွားကြရန် လိုကြောင်း”** မှာကြားသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း တံတားသစ်များ တည်ဆောက်နေသကဲ့သို့ ရထားလမ်းသစ်များကိုလည်း ဖောက်လုပ်လျက်ရှိသည်။ ယခင်ရှိပြီး ပုသိမ်-ကြံခင်း ရထားလမ်းနှင့် ဆက်စပ်၍ ကြံခင်း-ပခုက္ကူ ရထားလမ်းသစ်၊ ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းတို့ကို ဖောက်လုပ်နေပြီ။ ပြီးစီးသည့် ရထားလမ်းပိုင်းအချို့ ဖွင့်လှစ်နိုင်၍ ပြည်သူများ သွားလာနေကြပြီ။

နိုင်ငံတော်အနေဖြင့် မြေရှိလျှင် အလုပ်ရှိရမည်၊ ရေရှိလျှင် အလုပ်ရှိရမည်ဟူသည့် ခံယူချက်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးဖော်ဆောင်ပေးထားပြီ။ ယင်းအခြေခံကောင်း၊ အခြေအနေကောင်းများကို အခြေခံ၍ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းကြရပေမည်။ တစ်ဦးချင်းဘဝ ဖွံ့ဖြိုးတိုးတက်မှုမှသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးသို့ ဦးတည်ကြိုးပမ်း အလုပ်လုပ်ကိုင်သွားကြရမည် ဖြစ်ပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား မြန်မာ-ယူနီဆက် ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား မြန်မာ-ယူနီဆက်ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shrestha ခေါင်းဆောင်သောအဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်း၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** မြန်မာ-ယူနီဆက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေခံပညာရေးဆိုင်ရာစီမံချက်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အား ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကြိုဆို၊ အလှူငွေပေးအပ်

နေပြည်တော် ဧပြီ ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကြိုဆိုဂုဏ်ပြုသည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ဗဟိုအလုပ်အမှုဆောင်များ အစည်းအဝေးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာတို့က အလှူရှင်များ၏ အလှူငွေများ၊ ဆေးနှင့်ဆေးပစ္စည်းများကို လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြပြီး အသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ လှူဒါန်းရရှိသည့် ငွေ၊ ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်ထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နှလုံးသွေးကြောကျဉ်း ဝေဒနာရှင်များအား အထူးအစီအစဉ်ဖြင့် ကုသပေးမည်

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဆေးရုံ Heart Center တွင် နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာရှင်များအား စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံမှ နှလုံးအထူးကုဆရာဝန်ကြီးကိုယ်တိုင် မေ ၅ ရက်မှစတင်၍ လာရောက်ကုသပေးမည်ဖြစ်သည်။

အဆိုပါပန်းလှိုင်ဆေးရုံကြီးတွင် မြန်မာ့နှစ်သစ်ကူးအထူးအစီအစဉ်အနေဖြင့် နှလုံးရောဂါဝေဒနာရှင်များ ကုန်ကျသည့်စရိတ်ထက် သက်သာသောနှုန်းထားများဖြင့် လူနာများအားကုသပေးမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ပန်းလှိုင်ဆေးရုံ၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ လှိုင်သာယာမြို့နယ် ရန်ကုန် ဖုန်း-၀၁-၆၈၄၃၂၃နှင့် ၆၈၄၃၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို-မျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၂၅ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၁၅ ၃။ အကပြိုင်ပွဲ
- ၄း၂၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၅ ၅။ နှောင်းခေတ်တေးပဒေသာ
- ၄း၃၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၄း၅၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၁၅ ၉။ “လှေကားသုံးထစ်ဆင်းတဲ့အခါ”
- ၅း၂၅ ၁၀။ ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့နယ်နိမိတ်” (ဒုတိယတွဲ) (အပိုင်း-၂၈)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ “လျှပ်တစ်ပြက်ဟာသများ”
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ထူးခြားသောမိသားစု” (အပိုင်း-၁၂)**
- ၂၀။ **သီချင်းချစ်သူ**
- ၂၁။ အစီအစဉ်ပြီး၏။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်သံအမတ်ကြီးနှင့် ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံလယ်ယာကဏ္ဍ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)၏ ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli သည် နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် UNDP မှ ပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းများဆိုင်ရာ ကိစ္စရပ်များနှင့် (UN System)ကုလသမဂ္ဂအဖွဲ့စနစ်တစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၂။ ဒို့တာဝန်အရေး(၃)ပါး
- ၈း၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၄။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၅။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၀ ၄။ အဖွင့်သီချင်း
- ၄း၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ မဟာဂီတချိုကြည်မြ
- ၄း၃၀ ၇။ ဇာတ်လမ်းတို
- ၄း၃၅ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ၁၀။ အိုင်စီတီသုတ
- ၅း၀၀ ၁၁။ ကြိုတင်တားဆီးရန်သူမီး
- ၅း၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၃။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာကသက်ရှိသတ္တဝါများ (အပိုင်း-၈)
- ၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၆။ "ရွာ"ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၇။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၃)**
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဒို့တာဝန်အရေး(၃)ပါး
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ စိုက်ပျိုးသုတ
- ၂၅။ သံစဉ်များနှင့်ကမ္ဘာ
- ၂၆။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၉)**
- ၂၉။ ကမ္ဘာတစ်ခွင်ခရီးစဉ်
- ၃၀။ သင့်အတွက်မနက်ဖြန်
- ၃၁။ အပိတ်နှုတ်ဆက်စကား
- ၃၂။ ပြီးပါပြီ။

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် သန်လျင်မြို့နယ် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းအောက်ရှိ ခဲမဖြူသတ္တုစင်စက်ရုံ (သန်လျင်)၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လျာထားချက်ကျော်လွန်အောင် ထုတ်လုပ်နိုင်ပါက ဝန်ထမ်းများအား ဆုကြေးငွေများထောက်ပံ့ပေးရန် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် မှာကြား

နေပြည်တော် ဧပြီ ၂၈

လျာထားချက်ကျော်လွန်အောင် ထုတ်လုပ်နိုင်ပါက ဝန်ထမ်းများအား ဆုကြေးငွေများထောက်ပံ့ပေးရန်၊ ဝန်ထမ်းများ၏ အခြေခံရပိုင်ခွင့်ဖြစ်သော လစာနှင့်စရိတ်များ၊ ခံစားခွင့်များကို အပြည့်အဝရရှိအောင် စီမံပေးပြီး လူမှုရေးလိုအပ်ချက်များကို တာဝန်ရှိသူတို့က ဖြည့်ဆည်းပေးနိုင်ရန်စသည်ဖြင့် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းအောက်ရှိ ခဲမဖြူသတ္တုစင်စက်ရုံ (သန်လျင်)သို့ ရောက်ရှိစစ်ဆေးစဉ် မှာကြားခဲ့သည်။

ထို့ပြင် စက်ရုံ၏ ခဲမဖြူသတ္တုစင် ထုတ်လုပ်ရာတွင် ဘေးထွက်ပစ္စည်းများ လျော့နည်းစေရေး အလေးထားဆောင်ရွက်ရန်၊ အလေအလွင့် နည်းပါးအောင် ဆောင်ရွက်ကြရန်၊ လိုအပ်သော ကျွမ်းကျင်ဝန်ထမ်းများ စဉ်ဆက်မပြတ် ခန့်ထားနိုင်ရေးဆောင်ရွက်ရန်၊ ဘဏ္ဍာနှစ်အလိုက် သတ်မှတ်ထားသည့် လျာထားချက်အတိုင်း ထုတ်လုပ်နိုင်သည့်အပြင် ပိုမိုတိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားရန်၊ လစာနည်း ဝန်ထမ်းများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ရန်၊ စက်ရုံဝန်ထမ်းများ လုပ်ငန်းခွင်ပျော်ရွှင်ရေးအတွက် သက်သာချောင်ချိရေးကို အလေးပေးဆောင်ရွက်ရန်နှင့် လုံခြုံရေးအပိုင်းကို လစ်ဟာမှုမရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လည်း ပြည်ထောင်စုဝန်ကြီးက မှာကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ဘုန်းကြီးလမ်းရှိ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း သတ္တုပစ္စည်းများသိုလှောင်ရုံ၌ သိုလှောင်ပစ္စည်းများ ထုတ်ယူသုံးစွဲမှုမှတ်တမ်း၊ စာရင်းလက်ကျန်မှတ်တမ်းများ စနစ်တကျမှတ်တမ်းတင်ထားရှိရေး ဆောင်ရွက်ရန်၊ သိုလှောင်ပစ္စည်းများကို ကောင်းမွန်လုံခြုံအောင်ထိန်းသိမ်းထားနိုင်ရေး၊ အဆောက်အအုံလုံခြုံရေး၊ ပေါ့ဆမီးအန္တရာယ် မဖြစ်စေရေး ဂရုပြုဆောင်ရွက်ကြရန် စသည်ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-တရုတ် နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ဆက်နွှယ်သော ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဧပြီ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် အကြိမ်(၂၀)မြောက် အာရှပွဲတော်သို့ တက်ရောက်ရေးနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံတကာအဆင့် မသန်စွမ်းအနုပညာရှင်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ဖျော်ဖြေရေးနှင့် ယဉ်ကျေးမှုနှင့် ဆက်နွှယ်သော ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှု သံမှူး Mr. Gao Hua သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ)**

(သတင်းစဉ်)

ကျေးဇူးရှင် ဖေဖေနဲ့မေမေ စာပေဟောပြောပွဲစာအုပ်

ရန်ကုန် ဧပြီ ၂၈

ဓမ္မပဒအပိုဒ်(၃၃၂)တွင် လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုမှကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏ဟု ဖော်ပြထားသည်။

ဆရာချစ်နိုင်(စိတ်ပညာ)က မြင်းမိုရ်တောင်ဦးမကကျူးသား အမိအဖတို့၏ ကျေးဇူးတရားကြီးမားပုံနှင့် သားသမီးတို့က ကျေးဇူးဆပ်သင့်ပုံ ဟောပြောချက်များကို စုဆောင်းရေးသားထားသည်။

အဆိုပါစာအုပ်တွင် လောက၌အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ ကျောက်စိမ်းမြေမှ ဖိတ်ကြားခံရခြင်း၊ ခရီးထွက်ရာတွင် စီမံချက်ရေးဆွဲခြင်း၊ ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသကဲ့သို့ ရှာဖွေစုဆောင်းခြင်း၊ ကျောက်စိမ်းမြေခရီးစဉ်၊ မြစ်ကြီးနား ကချင်ပြည်နယ်မြေပုံ၊ ကချင်ပြည်နယ်အကြောင်း၊ ဖားကန့်သို့ ရောက်ခဲ့ပြီ၊ ဟောပြောပွဲများ၊ ကျေးဇူးရှင် ဖေဖေနဲ့ မေမေ၊ မှော်ပျော်များ၏ဘဝ၊ ကဗျာဆရာကြီးများ၏ အမိအဖနှင့် ပတ်သက်သော ကဗျာများ၊ ခေတ်ပုံများ စသည့်အကြောင်းတို့ကို စုံစုံညီညီ ရေးသားဖော်ပြထားပြီး မိဘမေတ္တာကြီးမားပုံ၊ သားသမီးတို့က ကျေးဇူးဆပ်သင့်ပုံတို့ကို လူငယ်များဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

(သတင်းစဉ်)

အမေရိကန် အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများ၌ လေဆင်နှာမောင်းမုန်တိုင်းများကြောင့် ၂၅၉ ဦးသေဆုံး

ဘာမင်ဂမ်(အယ်လ်ဘားမား) ဧပြီ ၂၈

အမေရိကန်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများ၌ ဧပြီ ၂၇ရက်က လေဆင်နှာမောင်းမုန်တိုင်းများနှင့် မိုးကြိုးမုန်တိုင်းများ ကျရောက်ခဲ့ရာ လူဦးရေ အနည်းဆုံး ၂၅၉ ဦးသေဆုံးပြီး ရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။

နှစ်ပေါင်းလေးဆယ်အတွင်း အဆိုးရွားဆုံးသဘာဝဘေးဒဏ်ဖြစ်သော လေဆင်နှာမောင်းတိုက်ခတ်မှုများကြောင့် အထိနာဆုံးဖြစ်ခဲ့ရသည့်ဒေသမှာ အယ်လ်ဘားမားပြည်နယ်ဖြစ်ပြီး အနည်းဆုံး လူ ၁၆၂ ဦးသေဆုံးခဲ့ရသည်။

မုန်တိုင်းများတိုက်ခတ်မှုကြောင့် မစ္စစ္စပီပြည်နယ်၌ ၃၂ ဦး၊ ဂျော်ဂျီယာပြည်နယ်၌ ၁၄ ဦးနှင့် တင်နက်ဆီပြည်နယ်၌ ၃၀ သေဆုံးခဲ့ရသည်။

အယ်လ်ဘားမားပြည်နယ် တူစကာလူဆာမြို့၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ၃၇ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ ယင်းမြို့တွင် သစ်ပင်များလဲပြိုခြင်း၊ ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အအုံများနှင့် မော်တော်ယာဉ်များ ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

အယ်လ်ဘားမားပြည်နယ် ဘာမင်ဂမ်မြို့၌ သစ်ပင်များ လဲပြိုမှုကြောင့် နေအိမ်တစ်လုံးအတွင်း မိသားစုတစ်စု ခေတ္တပိတ်မိနေခဲ့သည်။

အယ်လ်ဘားမား၊ အာကင်စော၊ ကင်တပ်ကီ၊ မစ္စစ္စပီ၊ မစ်ဆူရီ၊ တင်နက်ဆီနှင့် အိုကလာဟိုးမားပြည်နယ်တို့၌ အရေးပေါ်အခြေအနေ ထုတ်ပြန်ထားပြီး ကယ်ဆယ်ရေးနှင့် အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားရေးလုပ်ငန်း၌ ပါဝင်ကူညီရန် အမျိုးသားအစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကို ဆင့်ခေါ်ထားသည်။ ဧပြီ ၂၇ရက် ဂရင်းနစ်စံတော်ချိန် ၁၂ နာရီနှင့် ည ၁၀နာရီ ၁၂ မိနစ်အကြားကာလနှင့် ဧပြီ ၂၈ ရက် ဂရင်းနစ် စံတော်ချိန် နံနက် ၂ နာရီတွင် လေဆင်နှာမောင်း ၇၄ ကြိမ် တိုက်ခတ်ခဲ့ကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

အင်တာနက်။

အမေရိကန်နိုင်ငံ အယ်လ်ဘားမားပြည်နယ် တူစကာလူဆာမြို့၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် အပျက်အစီးများဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဧပြီ ၂၈ ရက်က ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ရေတပ်ဘတ်စ်ကား ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ရေတပ်ဘတ်စ်ကား ဗုံးခွဲတိုက်ခိုက်ခံရ

ကရာချိ ဧပြီ ၂၈

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့၌ ပါကစ္စတန်ရေတပ်တပ်ဖွဲ့ဝင်များလိုက်ပါလာသော ဘတ်စ်ကားတစ်စီး ဗုံးထိမှန်ခဲ့ရာ ငါးဦးသေဆုံးကြောင်း တာဝန်ရှိသူများက ဧပြီ ၂၈ရက်တွင် ပြောကြားကြသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် ခုနစ်ဦးဒဏ်ရာရရှိကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူ တပ်မှူး ဆယ်လ်မန်အလီက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် အနီးအပါးမှ ဖြတ်သန်းသွားလာနေသူတစ်ဦးမှာလည်း သေဆုံးခဲ့ရကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ကရာချိမြို့ရှိ စည်ကားသော ဖိုင်ဆယ်အဲဗင်းနယူးရိပ်သာလမ်း၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

ယမ်းပစ္စည်း သုံးကီလိုဂရမ်ခန့်ပါဝင်သောဗုံးကို အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ကြောင်း အထက်တန်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ကရာချိမြို့သည် ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးအချက်အချာမြို့ဖြစ်သည့်အပြင် ရေတပ်ပင်မအခြေစိုက်စခန်း ရုံးစိုက်ရာမြို့လည်းဖြစ်သည်။

ကရာချိမြို့၌ ရေတပ်ဘတ်စ်ကားနှစ်စီး တိုက်ခိုက်ခံခဲ့ရပြီးနောက် နှစ်ရက်အကြာတွင် ထပ်မံတိုက်ခိုက်ခြင်းဖြစ်သည်။ ဘတ်စ်ကားနှစ်စီး တိုက်ခိုက်ခံခဲ့ရမှုကြောင့် လေးဦးသေဆုံးပြီး ၅၆ဦး ဒဏ်ရာရရှိခဲ့သည်။

ဗုံးခွဲတိုက်ခိုက်မှုများအတွက် တာလီဘန်အဖွဲ့က ၎င်း၏ လက်ချက်အဖြစ် ထုတ်ပြန်ကြေညာသည်။ **အင်တာနက်။**

ကိုယ်ပိုင်အာကာသစခန်းယာဉ် တရုတ်နိုင်ငံ ဖွင့်မည်

ပေကျင်း ဧပြီ ၂၈

တရုတ်နိုင်ငံသည် ၂၀၂၀ခုနှစ်ထက်နောက်မကျဘဲ ကိုယ်ပိုင်အာကာသစခန်းယာဉ် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း ယင်းနိုင်ငံ၌ထုတ်ဝေသော "စပေ့စ်အင်တာနေရှင်နယ်"မဂ္ဂဇင်းက ရေးသားဖော်ပြသည်။

တရုတ်နိုင်ငံ၏ အာကာသစခန်းယာဉ်သည် ပင်မအခန်းတစ်ခန်းနှင့် တွဲဆက်ထားသော အခန်းနှစ်ခန်း ပါရှိမည်ဖြစ်ပြီး အာကာသဆိုင်ရာ လက်တွေ့စမ်းသပ်မှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါမဂ္ဂဇင်း၏ ဒုတိယစာတည်း ပန်ကျိဟိုက ပြောကြားသည်။

တရုတ်နိုင်ငံ၏ အာကာသစခန်းယာဉ်သည် အလေးချိန်တန်ချိန် ၆၀ရှိမည်ဖြစ်ရာ အလေးချိန် ၄၂၉တန်ရှိ နိုင်ငံတကာအာကာသစခန်းယာဉ်နှင့် နှိုင်းယှဉ်ပါက များစွာသေးငယ်မည်ဖြစ်သည်။

သို့ရာတွင် တရုတ်နိုင်ငံ၏ အာကာသစခန်းယာဉ်သည် နည်းပညာအရ အဆင့်အတန်းမြင့်မားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံ၏ အာကာသစခန်းယာဉ်ကို နိုင်ငံတကာအာကာသစခန်းယာဉ်၏ သက်တမ်းကုန်ဆုံးသည့်အခါ အာကာသပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံတကာအာကာသစခန်းယာဉ်ကို မကြာသေးမီက ၂၀၂၀ခုနှစ်အထိ သက်တမ်းတိုးချဲ့ခဲ့သည်။ သို့ရာတွင် ဖော်ပြပါကာလထက်ကျော်လွန်ကာ အာကာသအတွင်း ဆက်လက်ရှိနေနိုင်သည်ဟု ယူဆရသည်။ **အင်တာနက်။**

ဂျပန်ပင်လယ်အစားအစာများ ပြန်လည်တင်ပို့နိုင်ရေး ကျန်းမာရေးဆိုင်ရာ သက်သေခံလက်မှတ်များ ထုတ်ပေးဖွယ်

တိုကျို ဧပြီ ၂၈

ဂျပန်နိုင်ငံက ပြည်ပသို့ တင်ပို့ရောင်းချသော ပင်လယ်အစားအစာများသည် ဓာတ်ရောင်ခြည် ဘေးအန္တရာယ် ကင်းရှင်းကြောင်း ကျန်းမာရေးဆိုင်ရာ သက်သေခံလက်မှတ်များ ထုတ်ပေးရန် အစိုးရအဖွဲ့က စဉ်းစားသုံးသပ်နေသည်ဟု နီကေးစီးပွားရေးနေ့စဉ်သတင်းစာက ရေးသားဖော်ပြသည်။ ဂျပန်နိုင်ငံ၌ နျူကလီးယားဘေးဥပဒ်ဆိုင်ရာပြဿနာ ပေါ်ပေါက်နေချိန်တွင် ကမ္ဘာ့နိုင်ငံများက ယင်းနိုင်ငံထံမှ ပင်လယ်အစားအစာများ တင်သွင်းမှုကို ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်လျက်ရှိသည်။

ဂျပန်နိုင်ငံ၏ ပင်လယ်အစားအစာများမှတစ်ဆင့် ဓာတ်ရောင်ခြည်သင့်နိုင်သည့် ဘေးအန္တရာယ်ရှိသည်ဟုဆိုကာ ယင်းကဲ့သို့ ပိတ်ပင်ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံရှိကုမ္ပဏီများက ထုတ်လုပ်သော ပင်လယ်အစားအစာများသည် ဘေးဥပဒ်မဖြစ်ပေါ်နိုင်ဟု ယင်းနိုင်ငံ၏ အစိုးရအဖွဲ့က အာမခံခြင်းဖြင့် သက်ဆိုင်ရာနိုင်ငံများက ၎င်းတို့၏ ကန့်သတ်ပိတ်ပင်မှုများကို ပြန်လည် ရုပ်သိမ်းလာကြမည်ဟု မျှော်လင့်ရသည်။

ဂျပန်နိုင်ငံ၏ ပင်လယ်အစားအစာများသည် အရည်အသွေးကောင်းမွန်သဖြင့် ပင်လယ်ရပ်ခြားနိုင်ငံများ၌ဝယ်လိုအား မြင့်တက်ခဲ့သည်။ ဂျပန်နိုင်ငံက ပြည်ပသို့ ပင်လယ်အစားအစာ တင်ပို့ရောင်းချမှုသည် လွန်ခဲ့သည့်နှစ်က ၁၃ရာခိုင်နှုန်း မြင့်တက်ကာ ယန်း ၁၉၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ဒသမ ၃၉ ဘီလီယံ) ဖိုးရှိခဲ့သည်။

ပိတ်ပင်

ဂျပန်နိုင်ငံ၌ မြေငလျင်လှုပ်ခဲ့မှုကြောင့် ဖူကူရှီးမားဒိုင်အိချီနျူကလီးယား ဓာတ်အားပေးစက်ရုံတွင် ဓာတ်ရောင်ခြည် ယိုစိမ့်မှုဖြစ်ပေါ်ခဲ့ပြီးနောက် ဥရောပသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၃၅နိုင်ငံက ယင်းနိုင်ငံက တင်ပို့သော ပင်လယ်အစားအစာများကို ပိတ်ပင်ခဲ့သည်။ **အင်တာနက်။**

တရုတ်နိုင်ငံတွင် သက်ကြီးရွယ်အိုများ တိုးပွားလာ

ပေကျင်း ဧပြီ ၂၈

တရုတ်နိုင်ငံတွင် ကြာသပတေးနေ့က ထုတ်ပြန်သော သန်းခေါင်စာရင်းအရ အဆမတန် များပြားလှသောလူဦးရေ၌ သက်ကြီးရွယ်အိုများသည် တစ်ဟုန်ထိုးတိုးပွားလာကြောင်း အင်တာနက် သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

အမျိုးသားစာရင်းရုံးက ယမန်နှစ် နိုဝင်ဘာမှစ၍ မြို့ပြနှင့် ကျေးလက်ရှိ အိမ်ထောင်စုပေါင်း သန်း ၄၀၀ ကို စစ်တမ်းကောက်ယူခဲ့ရာ တရုတ်နိုင်ငံ၏ လူဦးရေသည် ၂၀၀၀ ပြည့်နှစ်၌ ၁ ဒသမ ၂၆၅ ဘီလီယံမှ ၁ ဒသမ ၃၃၉ ဘီလီယံသို့ တိုးလာသည်ကို တွေ့ရသည်။

နှစ်စဉ်ပျမ်းမျှလူဦးရေတိုးနှုန်းသည် ၁၉၉၀-၂၀၀၀ခုနှစ်တွင် ၁ဒသမ ၀၇ ရာခိုင်နှုန်းမှ ၂၀၀၀-၂၀၁၀ ခုနှစ်တွင် သုည ဒသမ ၅၇ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့သည်။

အသက် ၆၀ ကျော်လူဦးရေသည် ၂၀၀၀ ပြည့်နှစ်တွင် စုစုပေါင်းလူဦးရေ၏ ၁၀ ဒသမ ၃၃ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၁၃ ဒသမ ၃ ရာခိုင်နှုန်းတိုးလာခဲ့သည်။

အသက် ၆၅ နှစ်ကျော် လူဦးရေသည် လွန်ခဲ့သော ဆယ်စုနှစ်က ၇ ဒသမ ၁ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၈ ဒသမ ၉ ရာခိုင်နှုန်းနီးပါးရှိလာသည်။

အနာဂတ်ကာလအတွက် အရန်အလုပ်သမားဦးရေသည်လည်း တဖြည်းဖြည်းလျော့ပါးသွားပြီး ၁၄နှစ်အောက် လူငယ်အရေအတွက်သည် လွန်ခဲ့သည့် ၁၀နှစ်က စုစုပေါင်းလူဦးရေ၏ ၂၃ ရာခိုင်နှုန်းရှိရာမှ ၁၆ ဒသမ ၆ ရာခိုင်နှုန်းသာရှိတော့ကြောင်း တွေ့ရသည်။

နိုင်ငံ၏ တစ်မိသားစုလျှင် ကလေးတစ်ဦးနှုန်းမူဝါဒကို ကွပ်ကဲသည့် အမျိုးသားလူဦးရေနှင့် မိသားစုစီမံကိန်းကော်မရှင်က ၎င်းတို့၏ မူဝါဒသည် လူဦးရေသန်း ၄၀၀ တိုးပွားလာမည်ကို တားဆီးနိုင်ခဲ့သည်ဟုဆိုသည်။ **အင်တာနက်။**

မမျှော်လင့်ဘဲရရှိခဲ့သော ပါလက်စတိုင်းညီညွတ်မှု အစ္စရေးနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာ

ဂျေရုဆလင် ဧပြီ ၂၈

ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားသော ဟားမားစ် လက်နက်ကိုင်အုပ်စုနှင့် အနောက်အုပ်စု ကျောထောက်နောက်ခံပြု ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်၏ ဖာတာလှုပ်ရှားမှုအဖွဲ့တို့အကြား မမျှော်လင့်ဘဲရရှိခဲ့သော ညီညွတ်ရေးသဘောတူညီချက်သည် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေး ရှေ့ခရီးစဉ်ကို ထိခိုက်စေမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ဟားမားစ်အုပ်စုနှင့် ဖာတာလှုပ်ရှားမှုအဖွဲ့တို့အကြား ရုတ်ခြည်းတည်ဆောက်နိုင်ခဲ့သည့် ညီညွတ်မှုသည် အစ္စရေးနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပြီဖြစ်သည်။ ယင်းကဲ့သို့ ပြိုင်ဘက်အုပ်စုနှစ်စုအကြား ရရှိခဲ့သော ညီညွတ်မှုသည် ဆီးရီးယားနှင့် အီဂျစ်နိုင်ငံများ၌ ဖြစ်ပေါ်လျက်ရှိသော နိုင်ငံရေးအခင်းအကျင်းပြောင်းလဲမှုများ၏ ရိုက်ခတ်ချက်ဖြစ်ကြောင်း အစ္စရေးနိုင်ငံက ဆိုသည်။

ဖာတာလှုပ်ရှားမှုအုပ်စုနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခံထားရသော ဟားမားစ်အဖွဲ့တို့၏ ညီညွတ်ရေးသဘောတူညီချက်သည် ပါလက်စတိုင်းနိုင်ငံသစ်ကို တည်ထောင်ရေးနှင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ထိခိုက်စေမည့် အမှားတော်ပုံတစ်ရပ်သာဖြစ်ကြောင်း အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်က ပြောကြားခဲ့သည်။

ညီညွတ်ရေးသဘောတူညီချက်နှင့်အတူ ဖြစ်ပေါ်လာမည့် ပါလက်စတိုင်းရွေးကောက်ပွဲကို အကြောင်းပြု၍ ဟားမားစ်အုပ်စုက အနောက်ဘက်ကမ်းဒေသကို သြဇာလွှမ်းမိုးမည့် အရေးအား အစ္စရေးနိုင်ငံက စိုးရိမ်ကြောင်း ရှီမွန်ပီရက်စ်၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ ယင်းအပြင် အနောက်ဘက်ကမ်းဒေသ၌ ဟားမားစ်အုပ်စု၏ မဟာမိတ်ဖြစ်သော အီရန်နိုင်ငံ၏ သြဇာလွှမ်းမိုးလာမည်ကိုလည်း အစ္စရေးနိုင်ငံက ရတက်မအေးဖြစ်နေရသည်။

ဟားမားစ်နှင့် ဖာတာလှုပ်ရှားမှုအကြား ညီညွတ်ရေးသဘောတူညီချက်ကို ဧပြီ ၂၇ ရက်က ပထမဆုံးအကြိမ်အဖြစ် လူသိရှင်ကြားထုတ်ပြန်ခဲ့သည်။ အဆိုပါ သဘောတူညီချက်အရ ဖွဲ့စည်းမည့် အစိုးရအဖွဲ့သစ်လက်ထက်တွင် အစ္စရေးနှင့် ပါလက်စတိုင်းအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်မည့် အလားအလာရှိကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က အရိပ်အမြွက် ပြောကြားခဲ့သည်။

၎င်းဦးဆောင်သော ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ချုပ်(ပီအယ်လ်အို)သည် အနာဂတ်ပါလက်စတိုင်းနိုင်ငံတော်အတွက် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို တာဝန်ယူထားရမည်ဖြစ်သော်လည်း ပါလက်စတိုင်းညီညွတ်ရေးသည် အလွန်အရေးကြီးကြောင်း မာမွတ်အဘတ်စ်က ဆိုသည်။

သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ဟားမားစ်အုပ်စုသည် ပါလက်စတိုင်း ဒေသသားများသာဖြစ်ကြောင်း၊ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည်လည်း အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် မိမိတို့၏ လုပ်ဖော်ကိုင်ဖက်ဖြစ်ကြောင်း မာမွတ်အဘတ်စ်က ပြောကြားခဲ့သည်။

သို့ရာတွင် အကြမ်းဖက်လုပ်ငန်းစဉ်များကို စွန့်လွှတ်ရန်၊ အစ္စရေးနိုင်ငံတည်ရှိမှုကိုအသိအမှတ်ပြုရန်နှင့် တည်ရှိဆဲကြားဖြတ်ငြိမ်းချမ်းရေး သဘောတူညီချက်များကို လက်ခံရန် အနောက်အုပ်စု၏တောင်းဆိုမှုများအား ငြင်းဆန်ခဲ့သော ဟားမားစ်အုပ်စုနှင့် စေ့စပ်ဆွေးနွေးမှုပြုလုပ်ရန် အစ္စရေးနိုင်ငံက လိုလားခြင်းမရှိပေ။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ဧပြီ ၂၇ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ဖာတာလှုပ်ရှားမှု အုပ်စု၏ ခေါင်းဆောင် အက်ဇပ်အယ်လ်အာမက်နှင့် ဟားမားစ် ထိပ်တန်းခေါင်းဆောင်များကို တွေ့ရစဉ်။

ယင်းအတွက်ကြောင့် ဟားမားစ်အုပ်စုနှင့် ပါလက်စတိုင်း ဖာတာလှုပ်ရှားမှုအဖွဲ့တို့အကြား ညီညွတ်ရေးသဘောတူညီချက်သည် အာရပ်ကမ္ဘာ၏ နိုင်ငံရေးအခင်းအကျင်းပြောင်းလဲမှုကို အခြေခံသော ဖုတ်ပူမီးတိုက် လုပ်ရပ်တစ်ခုသာဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး အဗစ်ဒေါလီဘာမင်က ဝေဖန်ခဲ့သည်။

သို့သော် ပါလက်စတိုင်း ပြိုင်ဘက်အုပ်စုနှစ်ခုအကြား တည်ဆောက်နိုင်ခဲ့သော ညီညွတ်မှုသည် ဟားမားစ်နှင့် ဖာတာအုပ်စုများအကြား စိတ်ဝမ်းကွဲပြားမှုများကို ပြည်ဖုံးကားချစေလိုသည့် အများဆန္ဒကြောင့်သာ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း ဂါဇာကမ်းမြောင်နှင့် အနောက်ဘက်ကမ်းတို့မှ ပါလက်စတိုင်းဒေသသားတို့က ဆိုကြသည်။

ယင်းအပြင် ဟားမားစ်နှင့် ဖာတာအုပ်စုအကြား ညီညွတ်ရေးသဘောတူညီချက်သည် ၁၉၆၇ ခုနှစ် နယ်နိမိတ်သတ်မှတ်ချက်နှင့်အညီ ပါလက်စတိုင်းနိုင်ငံသစ်ထူထောင်ရေး လှုပ်ရှားမှုများ နှေးကွေးမှုကို ပါလက်စတိုင်းဒေသသားများက အားမလို အားမရဖြစ်နေခြင်းအား ထင်ဟပ်နေကြောင်း ဆိုနိုင်ဖွယ်ရှိသည်။

အမေရိကန်ပြည်ထောင်စုက ကြားဝင်စီစဉ်ပေးခဲ့သော အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြီးခဲ့သည့်နှစ် စက်တင်ဘာလက ကျင်းပခဲ့သော်လည်း အနောက်ဘက်ကမ်းဒေသ အစ္စရေးအခြေစိုက်အိမ်ရာပြဿနာကြောင့်ပျက်ပြားခဲ့ရာ ယနေ့ထိတိုင်ဖြစ်သည်။

အင်တာနက်။

နျူကလီးယားအရိပ်မည်းအောက်က နှစ်တစ်ထောင်ချယ်ရီပင်ကြီး ပန်းတို့ပွင့်ဆဲ

မီဟာရု ဧပြီ ၂၈

နှင်းမုန်တိုင်းများ၊ မြေငလျင်များနှင့် ယခုဖူကူရှီးမား နျူကလီးယားကပ်ဘေးတို့ဖြင့် ကြုံခဲ့ရသော်ငြား ဂျပန်နိုင်ငံ မီဟာရုမြို့လေးရှိ နှစ်တစ်ထောင်သက်တမ်းရှိပြီဖြစ်သော ချယ်ရီပင်ကြီးသည် ငယ်ရုပ်ဆင်၍ ပွင့်မြဲပွင့်ဆဲဖြစ်ကြောင်း ဧပြီ ၂၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

ငလျင်နှင့်ဆူနာမီသဘာဝဘေးဒဏ်များအပြင် ဘူးလေးရာဖရုံဆင့် နျူကလီးယားကပ်ဘေးဖြင့်ပါ ကြုံခဲ့ရသည့် မီဟာရုမြို့လေးသည် အလျင်အမြန် နာလန်ပြန်ထူနိုင်ဖွယ် မရှိပေ။

ထောင်ပေါင်းများစွာသော ဂျပန်လူမျိုးများသည် ချယ်ရီပွင့်ချိန်ရောက်တိုင်း ဂျပန်နိုင်ငံ၏သက်တမ်းအရှည်ဆုံးအမျိုးသားအမွေအနှစ်သုံးခုတွင်ပါဝင်သော ယင်းချယ်ရီပင်ကြီးရှိရာ မီဟာရုမြို့လေးသို့ လာရောက်လေ့ရှိသော်လည်း ယခုနှစ်အတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေးဒဏ်များနှင့် နျူကလီးယားကပ်ဘေးများကြောင့် ယခုနှစ်အတွင်း ချယ်ရီပင်ကြီးဆီသို့ လာရောက်သူ ခရီးသွားဧည့်သည်များ လျော့ကျခဲ့ရသည်။

ငိုကြွေးနေသောချယ်ရီပင်ဟူ၍ ဆိုစမှတ်ရှိသည့် ယင်းချယ်ရီပင်ကြီးသည် သမိုင်းတစ်လျှောက် သဘာဝဘေးဒဏ်အမျိုးမျိုးကို ခါးစည်းခံခဲ့ရသော်လည်း ရှင်သန်နေဆဲဖြစ်ကြောင်း ဒေသခံလယ်သမားတစ်ဦးကဆိုသည်။

မတ် ၁၁ ရက် ငလျင်၊ ဆူနာမီနှင့် ဖူကူရှီးမားနျူကလီးယားကပ်ဘေးကို ရင်ဆိုင်ခဲ့ရသော တိုဟိုကူကမ်းရိုးတန်းဒေသတစ်လျှောက်၌ ယခုရက်သတ္တပတ်အတွင်း ဂျပန်ဘာသာဖြင့် ဆာကူရာဟုခေါ်သော ချယ်ရီရာသီကျရောက်ခဲ့ပြီဖြစ်သည်။

သို့ရာတွင် ကပ်ဘေးသင့်ဒေသ၌ ချယ်ရီပင်အများအပြား ရှင်သန်ရစ်ခဲ့သော်လည်း ချယ်ရီပွင့်သည့်ရာသီကို အခြေခံသော ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးနိုင်ရန် နှစ်နှင့်ချီ၍ အချိန်ယူရဖွယ်ရှိကြောင်း ဂျပန်အာဏာပိုင်များက သတိပေးထားသည်။

ဖူကူရှီးမားဒိုင်အိချီနျူကလီးယားဓာတ်အားပေးစက်ရုံနှင့် မိုင် ၃၀မျှသာ ကွာဝေးသော မီဟာရုမြို့လေးရှိ ငိုကြွေးနေသော ချယ်ရီပင်ကြီးကို ကြည့်ရှုရန် ယမန်နှစ်က ခရီးသွားဧည့်သည် သုံးသိန်းကျော် လာရောက်ခဲ့သော်လည်း ယခုနှစ်အတွင်း လာရောက်မည့် ခရီးသွားဧည့်သည် အရေအတွက်သည် ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံ မီဟာရုမြို့ရှိ နှစ်တစ်ထောင်သက်တမ်းရှိပြီဖြစ်သော အမျိုးသားအမွေအနှစ် ချယ်ရီပင်သို့ လာရောက်သော ခရီးသွား ဧည့်သည်များ။

အင်တာနက်။

အင်ဒဲဗားလွန်းပြန်ယာဉ် ယနေ့ လွှတ်တင်မည် လာရောက်ကြည့်ရှုသူ ခုနစ်သိန်းရှိမည်ဟု နာဆာမျှော်လင့်

ကိပ်ကာနေဗာရယ်လ် (ဖလော်ရီဒါ) ဧပြီ ၂၈

အမေရိကန် အာကာသလွန်းပြန်ယာဉ် အင်ဒဲဗားကို ဧပြီ ၂၉ ရက်(ယနေ့)တွင် လွှတ်တင်မည်ဖြစ်ရာ ဖလော်ရီဒါပြည်နယ် အာကာသယာဉ်လွှတ်တင်ရေးစခန်းတွင် ဧရာမ လူစုလူဝေးကြီးနှင့်အတူ အင်ဒဲဗား လွန်းပြန်ယာဉ် နောက်ဆုံး လွှတ်တင်မှုကို အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် ၎င်း၏ မိသားစုတို့လည်း တက်ရောက်ကြည့်ရှုကြမည်ဟုဆိုသည်။

အာကာသလွန်းပြန်ယာဉ် အင်ဒဲဗား လွှတ်တင်မှုကို ကြီးမားများပြားသော လူစုလူဝေးကြီး လာရောက်ကြည့်ရှုမည်ဖြစ်ရာ အနည်းဆုံးလူဦးရေ ၇၀၀၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ အင်ဒဲဗား အာကာသလွန်းပြန်ယာဉ်ကို ကနေဒီအာကာသ လွှတ်တင်ရေးစခန်းမှ ယင်းယာဉ်၏ (၂၅)ကြိမ်မြောက်နှင့် နောက်ဆုံးအကြိမ်အဖြစ် လွှတ်တင်မည်ဖြစ်သည်။

အာကာသလွန်းပြန်ယာဉ် အင်ဒဲဗားလွှတ်တင်မှုကို အမေရိကန်သမ္မတ အိုဘားမားနှင့် ဇနီး၊ သမီးနှစ်ဦးတို့ တက်ရောက်ကြည့်ရှုမည်ဖြစ်ရာ အမေရိကန်သမ္မတ မိသားစုတစ်စုအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် အာကာသလွန်းပြန်ယာဉ်လွှတ်တင်မှုကို လာရောက်ကြည့်ရှုခြင်းဖြစ်သည်။ **အင်တာနက်။**



အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံတန်ကြေးရှိ တိုက်လေယာဉ်များဝယ်ယူရေး ဥရောပကုမ္ပဏီများကို အိန္ဒိယနိုင်ငံကရွေးချယ်

နယူးဒေလီ ဧပြီ ၂၈

အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံတန်ကြေးရှိသော တိုက်လေယာဉ်များဝယ်ယူရေးစာချုပ်ကို အိန္ဒိယနိုင်ငံက အမေရိကန်ကုမ္ပဏီများနှင့် ချုပ်ဆိုခဲ့ခြင်းမရှိဘဲ ယင်းအစား ဥရောပကုမ္ပဏီများနှင့် ချုပ်ဆိုခဲ့ကြောင်း ကြာသပတေးနေ့ သတင်းများတွင် ဖော်ပြသည်။

တိုက်လေယာဉ်များဝယ်ယူရေးစာချုပ်ကို အမေရိကန်ကုမ္ပဏီများသို့ ပေးအပ်ခြင်းမရှိခဲ့ခြင်းကြောင့် အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့အကြား ဆက်ဆံရေး၌ အဖုအထစ်များ ပေါ်လာနိုင်ဖွယ်ရှိသည်။

အမေရိကန်ကုမ္ပဏီများက ထုတ်လုပ်သော တိုက်လေယာဉ်များကို မှာယူခြင်းမပြုရန် အိန္ဒိယနိုင်ငံ၏ ဆုံးဖြတ်ချက်သည် အိန္ဒိယနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး တင်မိုသီရိုးမား၏ တာဝန်မှ ရုတ်တရက်နုတ်ထွက်ခြင်းနှင့် တိုက်ဆိုင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်သံအမတ်ကြီး တာဝန်မှ ရုတ်တရက်နုတ်ထွက်မှုနှင့် တိုက်လေယာဉ်ဝယ်ယူရေးဆိုင်ရာ အိန္ဒိယနိုင်ငံ၏ဆုံးဖြတ်ချက်တို့အကြား ဆက်စပ်မှု ရှိ၊ မရှိကို အိန္ဒိယနိုင်ငံရှိ အမေရိကန်သံရုံးက ထုတ်ဖော်ပြောကြားရန် ငြင်းဆိုခဲ့သည်။

ဘိုးရင်းကုမ္ပဏီ၏အက်ဖ်/အေ-၁၈ စူပါဟွန်းနက် တိုက်လေယာဉ်များနှင့် လော့ဟိမာတင်ကုမ္ပဏီ၏ အက်ဖ်-၁၆တိုက်လေယာဉ်များသည် အိန္ဒိယလေတပ်၏ နည်းပညာလိုအပ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အိန္ဒိယလေတပ်သည် ရုရှားနိုင်ငံထုတ် လေယာဉ်များနှင့် ပြင်သစ်နိုင်ငံလုပ် တိုက်လေယာဉ်များကို အဓိကအားထား အသုံးပြုလျက်ရှိသည်။

အေပီ။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား တရုတ်သံအမတ်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ဧပြီ ၂၇ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား နယ်စပ်ဒေသများဖွံ့ဖြိုးရေး၊ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နှစ်နိုင်ငံ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လျှပ်စစ်ဓာတ်အားကဏ္ဍ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်အား ဂျပန်ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်အား ဂျပန်နိုင်ငံ Save the Children(Japan) ဌာနေကိုယ်စားလှယ် Mr.Yasuyuki Fujino သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး Save the Children(Japan)နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းအောင်မြင်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း

သရုပ်ဆောင်လောကသို့ ပြန်လည်ခြေဦးလှည့်လာသည့် အာနိုး

အက်ရှင်မင်းသားကြီး အာနိုးရှဝါဇနက်ဂါသည် နိုင်ငံရေးနယ်ပယ်တွင် ကာလီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် သက်တမ်းနှစ်ခုကြာ ကျင်လည်ခဲ့ပြီးနောက် အနုပညာလောကတွင် Terminator ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း ဟောလိဝုဒ်ရုပ်ရှင် အသိုင်းအဝိုင်းက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အသက်(၆၃)နှစ်ရှိပြီဖြစ်သည့် အာနိုးသည် ကာလီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ဒုတိယသက်တမ်းကို ဇန်နဝါရီလက ပြီးဆုံးခဲ့ပြီးနောက် ဖေဖော်ဝါရီလတွင် ရုပ်ရှင်ဇာတ်ကားများ ပြန်လည်ရိုက်ကူးရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ထို့ပြင် အာနိုးက နိုင်ငံရေးလောကတွင် သူ့ကိုချစ်စနိုးဖြင့် ခေါ်ဝေါ်ကြသည့် The Governator ကို အခြေခံရေးသားထားသည့် ဟာသရုပ်စုံစာအုပ်ကို ရုပ်သံဇာတ်လမ်းအဖြစ် ပြသရန်လည်း လုပ်ဆောင်နေပြီဟု ဆိုသည်။



ဇာတ်ကားလေးကားစလုံး ကမ္ဘာတစ်ဝန်းတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကျော်ရရှိခဲ့သည်အထိ အောင်မြင်ခဲ့သည်။ ***အင်တာနက်။***

အာနိုး၏ကိုယ်စားလှယ် Creative Arts Agency က Terminator ဇာတ်ကားသစ်ကို ရိုက်ကူးရန် ကမ်းလှမ်းလျက်ရှိသည်။ အာနိုးသည် Terminator ဇာတ်ကားသုံးကားရိုက်ကူးခဲ့ပြီး စတုတ္ထမြောက် Terminator Salvation ကို မင်းသား Sam Worthington က ရိုက်ကူးခဲ့သည်။ အဆိုပါ

အောဝမ်းစိုး

ရှာကီရာနှင့် အပါချီအင်ဒီးယန်းတို့ ယူအေအီးတွင် ဖျော်ဖြေမည်

ကမ္ဘာ့ဂီတလောက၏ ထင်ရှားကျော်ကြားသော ကြယ်နှစ်ပွင့်ဖြစ်သည့် ရှာကီရာနှင့် အပါချီအင်ဒီးယန်းတို့နှစ်ဦးသည် ရက်သတ္တနှစ်ပတ်ကြာ အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)၌ ဂီတဖျော်ဖြေပွဲကျင်းပမည် ဖြစ်သည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)တွင် ကျင်းပမည့် ရှာကီရာနှင့် အပါချီအင်ဒီးယန်းတို့၏ ဂီတဖျော်ဖြေပွဲကို အချိန်မီရောက်ရှိစေရန် ဗြိတိသျှဂီတဝါသနာရှင်များသည် ယခုအခါ ဒူဘိုင်းလေယာဉ်လက်မှတ်ကို အပြေးအလွှား ဝယ်ယူနေကြပြီဖြစ်သည်။

အသက်(၃၄)နှစ် အရွယ်ရှိသည့် ကိုလံဘီယာနိုင်ငံသူ အဆိုတော်ရှာကီရာ၏ ၂၀၁၀ ခုနှစ် တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် သီဆိုဖျော်ဖြေတင်ဆက်ခဲ့သည့် ဝါကာဝါကာ သီချင်းသည် လူတကာနှုတ်ဖျားတွင် ရေပန်းစားသွားသည်အထိ အောင်မြင်ခဲ့ပြီး အဆိုပါ သီချင်းပါသည့် တေးအယ်လ်ဘမ်သည်လည်း ကမ္ဘာတစ်လွှားတွင် သန်း ၅၀ ကျော် ရောင်းချခဲ့ရသည်အထိ နာမည်ကျော်လူကြိုက်များခဲ့သည်။

ရှာကီရာသည် ဂီတဘက်တွင် အရေး၊ အဆို၊ အက ဘက်စုံကျွမ်းကျင်သည့် အနုပညာရှင်တစ်ဦးဖြစ်သကဲ့သို့ စပိန်၊ အင်္ဂလိပ်၊ ပေါ်တူဂီ၊ အီတလီ၊ ပြင်သစ်နှင့် အာရေဗျဘာသာစကားများကိုလည်း သွက်သွက်လက်လက် ပြောနိုင်သူတစ်ဦးဖြစ်သည်။

အသက်(၄၃)နှစ် အရွယ်ရှိသည့် အပါချီအင်ဒီးယန်း(စတီဗင်ကပူး)သည်

သရုပ်ဆောင်၊ အဆိုတော်၊ တေးရေးဆရာ၊ ဂီတပညာရှင်အဖြစ် ဗြိတိသျှဂီတလောကတွင် ထင်ရှားကျော်ကြားသူ တစ်ဦးဖြစ်သည်။

ရှာကီရာသည် ၂၀၁၁ ခုနှစ်၏ လှည့်လည်ဖျော်ဖြေရေးခရီးစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် အဘူဒါဘီမြို့ရှိ ရက်စ်အရီနာတွင် ဧပြီ ၂၉ ရက်(ယနေ့)မှစတင် ဖျော်ဖြေမည်ဖြစ်ပြီး အပါချီအင်ဒီးယန်းသည် မေ ၆ ရက်တွင် ဒူဘိုင်းမြို့ရှိ ချီဂါဒင်၌ ဖျော်ဖြေမည်ဖြစ်သည်။ အပါချီအင်ဒီးယန်း၏ ဖျော်ဖြေပွဲအတွက် လက်မှတ်ကို ၁၆ ပေါင်ဖြင့် ရောင်းချလျက်ရှိပြီး ရှာကီရာ၏ ဖျော်ဖြေပွဲအတွက် လက်မှတ်ကို ပေါင် ၄၀ ဖြင့် ရောင်းချလျက်ရှိသည်။ အမျိုးသမီး ပရိသတ်များအတွက် အထူးအခွင့်အရေးအနေဖြင့် သန်းခေါင်ယံမတိုင်မီအထိ အခမဲ့ဖြစ်သည်။

အင်တာနက်။

မွေးကင်းစကလေး အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်

နေပြည်တော် ဧပြီ ၂၈

ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သော (၅)နှစ်အောက်ကလေးသေဆုံးမှုကျဆင်းရေးကို ရည်ရွယ်၍ အမျိုးသမီးနှင့်ကလေးကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက်အရ ပျဉ်းမနားမြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများက မွေးကင်းစကလေးများအား အိမ်တိုင်ရာရောက် ပြုစုခြင်းသင်တန်းဆင်းပွဲကို ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ပျဉ်းမနားမြို့ ခုတင် (၂၀၀) ဆေးရုံခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာလှလှကြည်နှင့် သင်တန်းနည်းပြဒေါက်တာဇင်ဝေဝေစိုး၊ မြို့နယ်ကျန်းမာရေးမှူး ဦးသန်းထွန်းနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှလှကြည်က အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရရှိသူများအားဆုများချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသူ ၃၈ ဦး တက်ရောက်ကြပြီး ဧပြီ ၂၂ ရက်မှ ၂၅ ရက်ထိ လေးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချကြောင်းသိရှိရသည်။ (ပြန်/ဆက်)

ယ နေ့ ဖတ် စ ရာ မှတ် စ ရာ

စာနယ်ဇင်းများသာ အဓိကထားရောင်းချမည့် မီဒီယာကော်နာ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်၌ မေလအတွင်း ဖွင့်လှစ်မည်

မီဒီယာနှင့်ဆက်စပ်ပတ်သက်သည့် ပစ္စည်းများအဓိကထား ဖြန့်ချိရောင်းချခွင့်ရရှိမည့် မီဒီယာကော်နာ (Media Coner)များကို ရန်ကုန်မြို့ မြို့တွင်းခြောက်မြို့နယ်၌ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ စီစဉ်ကြီးကြပ်လုပ်ဆောင်လျက်ရှိပြီး လာမည့်မေလပထမပတ်အတွင်း စတင်ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း မြို့တွင်းခြောက်မြို့နယ်ပြင်ပရှိ မြို့နယ်များတွင်လည်းကောင်း၊ အခြားသော ပြည်နယ်၊ တိုင်းဒေသကြီးများတွင်လည်းကောင်း ဖွင့်လှစ်သွားနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး၊ မီဒီယာကော်နာ စီမံကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုက ပြောကြားသည်။

လက်ရှိအခြေအနေတွင် ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်၌ မီဒီယာကော်နာ စုစုပေါင်း ၂၉ဆိုင်ဖွင့်လှစ်ပေးသွားရန် စီစဉ်ထားရှိပြီး ပထမအစီအစဉ်အဖြစ် လာမည့်မေလပထမပတ်ထဲတွင် မီဒီယာကော်နာ ၁၉ ဆိုင်ကို ဖွင့်လှစ်သွားမည်ဖြစ်သည်။ ကျန်ရှိသည့်ဆိုင်ခန်းများကို နောက်လများတွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနှင့်ပတ်သက်၍ ဦးကိုကိုက "မီဒီယာကော်နာဆိုတာ နိုင်ငံတကာမှာရှိတယ်။ အဲဒီနိုင်ငံတွေမှာ သွားရောက်လေ့လာရာကနေ တွေ့လာတာဖြစ်တယ်။ အဓိကအချက်ကတော့ စာအုပ်၊ စာနယ်ဇင်းလောကကြီး ပိုမိုကျယ်ပြန့်လာဖို့ပေါ့။ အဲလိုဆိုင်တွေများများရှိလာရင် စာဖတ်သူများလာမယ်။ စာဖတ်ရှိန်မြှင့်တင်ရေးကိုလည်း တစ်ဖက်တစ်လမ်းကအထောက်အကူပြုမယ်။ နောက်တစ်ချက်က အဲလိုဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့အတွက် လိုအပ်တဲ့ သင့်တင့်လျောက်ပတ်တဲ့ ရန်ပုံငွေရရှိမယ်။ အဲဒီနှစ်ချက်နဲ့ ရည်ရွယ်ပြီးလုပ်ပါတယ်" ဟု ရှင်းပြသည်။

ယခုတည်ဆောက်လျက်ရှိသည့် မီဒီယာကော်နာများသည် အကျယ်အဝန်းအားဖြင့် နေရာဒေသပေါ်မူတည်၍ လေးပေပတ်လည်၊ ၁၀ ပေပတ်လည်ဆိုင်ခန်းများဖြစ်ပြီး ငှားရမ်းခဈေးနှုန်းများမှာလည်း နေရာအလိုက် ကွာခြားမှုရှိသည်။ ငှားရမ်းမှုကိုလည်း ဈေးပြိုင်စနစ်ဖြင့် ငှားရမ်းပေးခြင်းဖြစ်ကြောင်း၊ မီဒီယာကော်နာဖွင့်လှစ်ချိန်ကို နေ့စဉ်နံနက် ၆ နာရီမှ ည ၉ နာရီအထိဖွင့်လှစ်ခွင့်ပေးထားကြောင်း၊ မီဒီယာကော်နာငှားရမ်းဖွင့်လှစ်လိုသူများသည် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်ဖြစ်ရန်လိုအပ်ပြီး အဖွဲ့မဝင်ရသေးသူများအနေဖြင့် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ပြီးမှသာ လက်ခံငှားရမ်းပေးကြောင်း သိရသည်။

ဆက်လက်၍ တိုးချဲ့ဖွင့်လှစ်သွားမည့် အစီအစဉ်နှင့်ပတ်သက်၍လည်း "ဒုတိယမြို့လယ်ကောင်လို့ပြောလို့ရတဲ့ မြေနီကုန်းလိုနေရာမျိုး၊လှည်းတန်း၊ တာမွေလိုနေရာမျိုးမှာ သက်ဆိုင်ရာဒေသတာဝန်ရှိသူတွေနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ခွင့်ပြုချက်ကိုရယူပြီးတော့ တိုးချဲ့ဆောင်ရွက်သွားမယ်။ ရန်ကုန်မြို့တွင်သာမက အခြားသော မြို့ကြီးပြကြီးတွေမှာလည်း ဆောင်ရွက်သွားမယ်။ ကျွန်တော်တို့ရည်ရွယ်ချက်က မြန်မာတစ်နိုင်ငံလုံးမှာ မီဒီယာကော်နာဆိုတဲ့ စာအုပ်ဆိုင်တွေ၊ စာနယ်ဇင်းရောင်းတဲ့ဆိုင်တွေ အပြိုင်းအရိုင်းပေါ်ပေါက်လာရေးဖြစ်တယ်။ အဲလိုပေါ်ပေါက်လာမှသာ စာအုပ်၊ စာနယ်ဇင်းဈေးကွက်ဟာ ကျယ်ပြန့်လာမှာ ဖြစ်တယ်"ဟု ဦးကိုကိုက ပြောကြားသည်။

ယခုမြို့တွင်းခြောက်မြို့နယ်အတွင်း စတင်ဖွင့်လှစ်ခြင်းသည် ပထမအဆင့်အနေဖြင့် စမ်းသပ်ဆောင်ရွက်သည့် အနေအထားဖြစ်ပြီး ယင်း၏ရလဒ်အပေါ်တွင်တည်မှီကာ ရှေ့ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့် အဆင်ပြေအောင်မြင်ပါက ဒုတိယအဆင့်အနေဖြင့် မြေနီကုန်း၊ လှည်းတန်း၊ တာမွေစသည့်နေရာများနှင့် မန္တလေးတိုင်းဒေသကြီးကဲ့သို့သော မြို့ကြီးများတွင် ဖွင့်လှစ်ရန်စီစဉ်ထားကြောင်း၊ တတိယအဆင့်အနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီးများတွင် ဖွင့်လှစ်သွားနိုင်ရန် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ပထမအဆင့်အနေဖြင့် ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်၌ဖွင့်လှစ်မည့် မီဒီယာကော်နာအရေအတွက်သည် ၁၉ လုံးဖြစ်ပြီး ပုဇွန်တောင်မြို့နယ်၌ ခုနစ်လုံး၊ ဗိုလ်တထောင်မြို့နယ်၌ ခုနစ်လုံး၊ ကျောက်တံတားမြို့နယ်၌ ငါးလုံး၊ ပန်းဘဲတန်းမြို့နယ်၌ နှစ်လုံး၊ လသာမြို့နယ်၌ သုံးလုံး၊ လမ်းမတော်မြို့နယ်၌ ငါးလုံးတို့ဖြစ်သည်။

ရဲဝင်းဆောင်

မီဒီယာကော်နာဆိုင်ခန်းငယ်တစ်ခု ပြီးစီးမှုကို တွေ့ရစဉ်။

ကနေဒါနိုင်ငံ ဘုရင်ခံချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ထံ သံအမတ်ကြီး ဦးကျော်တင်က ၎င်း၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၂၉

ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်တင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် ဧပြီ ၁၉ ရက်တွင် အော်တာဝါမြို့၌ ကနေဒါနိုင်ငံ ဘုရင်ခံချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဒေးဗစ်ဂျွန်စတန်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးမင်းလွင်က ၎င်း၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၂၉

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းလွင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် ဧပြီ ၂၁ ရက်တွင် ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် ဇီလာ ရာမန်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

အမျိုးသမီးပြိုင်ပွဲတွင် ကန္ဒာရဝတီ(ကယား) အသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

(ဘတ်စကက်ဘောအဖွဲ့ချုပ်)

နွေရာသီ ဖိတ်ခေါ် အသက်(၁၈)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၁ ခုနှစ် နွေရာသီ ဖိတ်ခေါ် အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကတ်ဘော ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အနိုင်ရရှိ

အမျိုးသမီးပြိုင်ပွဲတွင် ဆိပ်ဖူးတောင်(က)အသင်းက ဆိပ်ဖူးတောင်(ခ)အသင်းကို ၅၂ မှတ်-ရှစ်မှတ်ဖြင့် နိုင်ပြီး ကန္ဒာရဝတီ (ကယား)အသင်းက ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းကို ၃၄မှတ်-၂၃ မှတ်ဖြင့် အနိုင်ရရှိသည်။

အမျိုးသားပြိုင်ပွဲတွင် ကန္ဒာရဝတီ (ကယား)အသင်းက KINGS အသင်းကို ၇၉ မှတ်-၂၄ မှတ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) (က)အသင်းက ဟသ်ာတအသင်းကို ၅၉ မှတ်-၁၀ မှတ်၊ မိုးကုတ်အသင်းက COBRAအသင်းကို ၄၅ မှတ်-၃၂ မှတ်တို့ဖြင့် အနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲကို ဧပြီ ၂၉ ရက် နံနက် ၈ နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၈

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ်ငါးခု ဆွတ်ခူးရရှိခဲ့သော မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)ဦးဆောင်သည့် အောင်ပွဲရမြန်မာမြားပစ်အဖွဲ့သည် ယမန်နေ့ ည ၆ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ အမှုဆောင်များနှင့် အားကစားသမားများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ်နှစ်ခုကို ရဲမင်းဆွေက အမျိုးသား Compound တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ တစ်ခုနှင့် ရှုံး/ထွက်ပြိုင်ပွဲမှ တစ်ခုကို ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ရဲမင်းဆွေသည် ရှုံး/ထွက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပစ်ခတ်ခဲ့သော ရမှတ် ၉ ဒသမ ၆ မှတ်နှင့် အမှတ်ပေးပြိုင်ပွဲတွင် ပစ်ခတ်ခဲ့သော ရမှတ် ၉ ဒသမ ၆ မှတ်တို့မှာ စံချိန်သစ်များဖြစ်ခဲ့ပြီး ပြိုင်ပွဲနှစ်ခုစလုံး၌ အာရှစံချိန်သစ် တင်နိုင်ခဲ့ကြောင်း သိရသည်။ ငွေတံဆိပ်လေးခုကို အောင်ငြိမ်းက အမျိုးသမီး Compound တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှတစ်ခု၊ ရှုံး/ထွက် ပြိုင်ပွဲမှတစ်ခု၊ Compound Mix-Team ပြိုင်ပွဲမှ ရဲမင်းဆွေနှင့် အောင်ငြိမ်းအတွဲက တစ်ခု၊ အမျိုးသမီး Recurve တစ်ဦးချင်းအမှတ်ပေးပြိုင်ပွဲမှ သင်းသင်းခိုင်ကတစ်ခု၊ ကြေးတံဆိပ် ငါးခုကိုမူ အမျိုးသား Compound အသင်းက အသင်းလိုက်အမှတ်ပေး ပြိုင်ပွဲမှတစ်ခု၊ အသင်းလိုက်ရှုံး/ထွက်ပြိုင်ပွဲမှတစ်ခု၊ အမျိုးသမီး Compound အသင်းက အသင်းလိုက် အမှတ်ပေးပြိုင်ပွဲမှ တစ်ခု၊ အသင်းလိုက် ရှုံး/ထွက် ပြိုင်ပွဲမှ တစ်ခု၊ အမျိုးသမီး Recurve တစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲမှ သင်းသင်းခိုင်ကတစ်ခုတို့ အသီးသီးဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲကို အာရှထိပ်သီးမြားပစ်နိုင်ငံများဖြစ်သည့် ဟောင်ကောင်၊ အီရတ်၊ မွန်ဂိုလီးယား၊ အရှေ့တောင်အာရှ ထိပ်သီး မြားပစ်နိုင်ငံများဖြစ်သည့် မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူ၊ လာအို စသည့် နိုင်ငံ ၁၀ နိုင်ငံမှ အားကစားသမား ၈၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရမြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)၊ အုပ်ချုပ်သူအဖြစ် ဦးသန်းကြိုင်၊ နည်းပြများအဖြစ် ဦးအောင်နိုင်ဦးနှင့် ဒေါ်မြတ်သူဇာမြင့်၊ ဒိုင်လူကြီးအဖြစ် ဒေါ်ကေသီ၊ အားကစားသမားများအဖြစ် ရဲမင်းဆွေ၊ စောမြကျော်သူ၊ အောင်ခြိမ့်ဘော်၊ ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ အောင်ငြိမ်း၊ သင်းသင်းခိုင်၊ လှလှစံ၊ ယောစိမ်းယနှင့် စန်းယုထွေးတို့ ပါဝင်ကြသည်။

ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခုနှင့် အာရှစံချိန်သစ်နှစ်ခု တင်နိုင်ခဲ့သော ရဲမင်းဆွေ၊ ငွေသုံးခု၊ ကြေးနှစ်ခု ဆွတ်ခူးခဲ့သော အောင်ငြိမ်းတို့အား မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးနှင့်အတူ တွေ့ရစဉ်။

(ကြေးမုံ)

အောင်ပွဲရမြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါသွားသည့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)က"လာမည့်(၂၆)ကြိမ်မြောက်အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲကို အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ အာရှနှင့်အရှေ့တောင်အာရှထိပ်သီးမြားပစ်နိုင်ငံများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သောကြောင့် အတွေ့အကြုံကောင်းများရရှိခဲ့ပြီး ရွှေနှစ်ခု၊ ငွေလေးခု၊ ကြေးငါးခုအပြင် အာရှစံချိန်သစ်နှစ်ခု တင်နိုင်ခဲ့၍ ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ သို့သော် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် ယခုထက်ပို၍ နှစ်ဆကြိုးစားရန်လိုကြောင်း၊ ယခုပြိုင်ပွဲတွင် ကစားသမားများ၏ တစ်ဦးချင်းအမှားအချို့ကြောင့် ရွှေတံဆိပ်ဆုများကို ကပ်၍ လွဲချော်ခဲ့ရကြောင်း၊ လေ့ကျင့်စဉ်ကစံချိန်တိုင်း ပစ်ခတ်နိုင်ခြင်းမရှိဘဲ မထင်မှတ်သည့် အမှားများကြောင့် ရွှေတံဆိပ်ကို ထင်သလောက် မရယူနိုင်ခဲ့ကြောင်း။

ယခုပြိုင်ပွဲမှ အားနည်းချက်များကို ပြင်ဆင်ပြီး ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင် စသည့် အရှေ့တောင်အာရှထိပ်သီးမြားပစ်နိုင်ငံများကို ဖြတ်ကျော်နိုင်ရန် နှစ်ဆပို၍ ကြိုးစားသွားမည်ဖြစ်ပြီး ဟောင်းနွမ်းနေသည့် လေး၊ မြားနှင့် အပိုပစ္စည်းများကိုလည်း အသစ်လဲလှယ်သွားမည်ဖြစ်ကြောင်း၊ လေ့ကျင့်မှုကို ဖိဖိစီးစီးလုပ်ပြီး စနစ်တကျပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှား ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် အားကစားဝန်ကြီးဌာနဝန်ကြီး၏ လမ်းညွှန်ချက်၊ အဖွဲ့ချုပ်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် ဥက္ကဋ္ဌတို့၏အနီးကပ်လမ်းညွှန်ပံ့ပိုးအားပေးမှုများနှင့်အတူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် ဧပြီ ၂၈ ရက် နံနက်ပိုင်းမှစ၍ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။ (ကြေးမုံ)

ရီးယဲလ် အိမ်ကွင်းတွင် ဘာစီလိုနာကို အရှုံးပေးလိုက်ရ မော်ရင်ဟို၏ ချန်ပီယံအိပ်မက် မှေးမှိန်

မက်ဒရစ် ဧပြီ ၂၈

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့၏ ဒုတိယပွဲစဉ်အဖြစ် ဘာနေဗျူးကွင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ညှိ့သည် ဘာစီလိုနာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရသွားသည်။

အိမ်ရှင်ရီးယဲလ်မက်ဒရစ်အသင်း၏ ပထမပွဲထွက်လူစာရင်းတွင် တိုက်စစ်မှူး တစ်ဦးမှ ပါဝင်လာခြင်းမရှိဘဲ အလွန်ဆိုစီရော်နယ်ဒို၊ အိုဇေးလ်၊ ဒီမာရီယာ၊ ဒီယာရာစသည့် ကွင်းလယ်ကစားသမားများကိုသာ ပွဲထွက်ကစားစေခဲ့သည်။ ဘာစီလိုနာအသင်းတွင်မူ ဇာဗီ၊ မက်ဆီ၊ ပီကေး၊ ပူယိုး၊ မာရှေယာနို၊ ကီတာ၊ ပက်ဒရို၊ ဒေးဗစ်ဗီလာတို့ဖြင့် လူစုံပါဝင်ကစားခဲ့သည်။

ရီးယဲလ်မက်ဒရစ် အသင်းသည် နောက်တန်းတွင် အဘီလိုအာ၊ ရာမို့စ်၊ မာဆယ်လိုတို့ကို အထိုင်ထားပြီး ကွင်းလယ်ခြောက်ယောက်အားဖြင့် ဘာစီလိုနာကို ထိန်းချုပ်ရန် ကြိုးစားလာခဲ့သည်။ သို့သော် ပွဲချိန်ကြာလာသည်နှင့် အမျှ ညှိ့သည် ဘာစီလိုနာကသာ ဘောလုံးပိုင်ဆိုင်မှု ၇၂ ရာခိုင်နှုန်းအသာဖြင့် ပွဲကို စိုးမိုးလာနိုင်ခဲ့သည်။

မော်ရင်ဟိုသည် ဒုတိယပိုင်းပွဲစသည်နှင့် အိုဇေးလ်ကို ထုတ်ပြီး အဒီဘာယောကို ထည့်သွင်း၍ တိုက်စစ်မြှင့်ရန် ကြိုးပမ်း

ဘာစီလိုနာအတွက် နှစ်ဂိုး သွင်းယူပေးခဲ့သည့် မက်ဆီ။

လာခဲ့သည်။ သို့သော် မက်ဆီ၊ ပက်ဒရို၊ ဇာဗီတို့၏ တွဲလုံးများဖြင့် ဘာစီလိုနာ၏ တရစပ် ဖိအားပေးတိုက်စစ်ဆင်ခြင်းကိုသာ ခံခဲ့ရသည်။ ပွဲချိန် ၆၁ မိနစ်အရောက်တွင် ရီးယဲလ်မက်ဒရစ်ကစားသမား ပီပီ ကြမ်းတမ်းစွာကစားခဲ့၍ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခြင်းခံရသည်။ ထို့ပြင် နောက်တန်းတွင် အဓိကအားထားရသည့် ရာမို့စ်မှာလည်း အဝါကတ်ပြသခံရ၍ နူးကမ့်တွင် ကစားရမည့် ဒုတိယအကျော့ပွဲစဉ်ကို လွဲချော်ရတော့မည်ဖြစ်သည်။

ပွဲကစားချိန် ၇၆ မိနစ်တွင် ပက်ဒရိုအစား လူစားဝင်လာသည့် အက်ဖယ်လေညာခြမ်းမှနေ၍ ဂိုးရှေ့ဖြတ်တင်ပေးသည့် ဘောလုံးကို မက်ဆီက နောက်တန်းတစ်ဦးနှင့်ယှဉ်၍ အဖွင့်ဂိုးသွင်းယူသွားသည်။ နောက်ပိုင်း ပွဲချိန် ၈၇ မိနစ်တွင် ဘာစီလိုနာအတွက် ဒုတိယဂိုးကို မက်ဆီကပင် တစ်ကိုယ်တော်အစွမ်းဖြင့် ရီးယဲလ်မက်ဒရစ် ကစားသမား လေးငါးယောက်ခန့်ကို ကျော်ဖြတ်၍ ဂိုးနှင့် အနီးကပ် လှလှပပ ကန်သွင်းယူခဲ့သည်။

ယခုပွဲတွင် ဒုတိယပိုင်း၌ ရီးယဲလ်မက်ဒရစ်နည်းပြ မော်ရင်ဟိုသည် ကွင်းဘေးတွင် ကြီးကြပ်ပြောဆိုခွင့် ပိတ်ပင်ခံခဲ့ရပြီး ပွဲကြည့်စင်သို့ပို့ကာ လုံခြုံရေးအထူးကြပ်မတ်ခံခဲ့ရသည်။ ဘာစီလိုနာအသင်း၏ အရန်ခုံတွင်ထိုင်နေသည့် အရန်ဂိုးသမား ပင်တိုသည်လည်း ပထမပိုင်း ၄၅ မိနစ်တွင် အချင်းများခဲ့၍ တိုက်ရိုက်အနီကတ် ပြသခြင်းခံခဲ့ရသည်။ ယခုအိမ်ကွင်းတွင် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့် ရီးယဲလ်မက်ဒရစ်သည် ဒုတိယအကျော့ကို ပီပီနှင့်ရာမို့စ်တို့မပါဝင်ဘဲ ယှဉ်ပြိုင်ရတော့မည်ဖြစ်ခြင်းကြောင့် ဘာစီလိုနာကို နှစ်ဂိုးပြတ် ပြန်လည်အနိုင်ယူရန် ခက်ခဲသည့် အနေအထားတွင်ရှိနေသည်။ ထို့ကြောင့် မော်ရင်ဟို၏ ချန်ပီယံလိဂ် ချန်ပီယံအိပ်မက်မှာလည်း ပျက်ပြယ်ရဖွယ်ရှိနေသည်။

အင်တာနက်။

မက်ဆီ၏ ထိုးဖောက်မှုကို ရီးယဲလ်မက်ဒရစ်မှ ရာမို့စ်နှင့် ဒီမာရီယာတို့ ကာကွယ်ဖျက်ထုတ်ရန် ကြိုးပမ်းစဉ်။

❖ ကျော့ဖုံးမှ

သုတေသနလုပ်ငန်း တစ်ရပ်အဖြစ် စမ်းသပ်မောင်းနှင်မည် ဖြစ်ကြောင်း စင်ကာပူစွမ်းအင်ဈေးကွက် အာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက စထရိတ်တိုင်းမ်သတင်းစာသို့ ပြောကြားသည်။

I-MIEV လျှပ်စစ်ကားကို ဂျပန်ဈေးကွက်၌ ၂၀၀၉ ခုနှစ်မှ စတင်ရောင်းချပေးလျက်ရှိပြီး ဈေးနှုန်းမှာ တစ်စီးလျှင် ယန်း ၃၉၈၀၀၀၀ (အမေရိကန်ဒေါ်လာ ၄၃၀၀၀)ဖြစ်သည်။

အဆိုပါ လျှပ်စစ်ကားကို ဟောင်ကောင်၊ ဗြိတိန်၊ ကော်စတာရီကာ၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့သို့လည်း တင်ပို့ရောင်းချခဲ့သည်။

လျှပ်စစ်ကားများတွင် မီးခိုးထုတ်လွှတ်ခြင်းမရှိဘဲ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာ၌ အထောက်အကူပြုမည့် သယ်ယူပို့ဆောင်ရေးယာဉ်ဖြစ်သည်။

အင်တာနက်။

ဟန်သစ်

နောင်တိုးတက်လာမည့် ယာဉ်စီးရေများနှင့် လိုက်လျောညီထွေဖြစ်ပြီး အချိန်တိုအတွင်း အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ပေးထား

❊ ဧရာဝတီတိုင်းဒေသကြီးမှ

တံတားဖွင့်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် မမြချောင်းတံတားသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်း မိုင်တိုင်အမှတ် (၄၂/၆)၌ တည်ရှိပြီး မူလတံတားမှာ အရှည်ပေ ၁၅၀ (၄၀' သစ်သားတံတား +၄၀' ဘေလီတံတား +၇၀' သစ်သားတံတား)ဖြစ်ကြောင်း၊ တံတားအကျယ်မှာ ၁၂ ပေ အကျယ်သာရှိခဲ့ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် တံတားကြီးသည် အရှည် ပေ ၁၉၀၊ တံတားအကျယ် ပေ ၃၀ ရှိသော သံကူကွန်ကရစ်တံတားကြီးဖြစ်သည့်အတွက် နောင်တိုးတက်လာမည့် ယာဉ်စီးရေများနှင့် လိုက်လျောညီထွေဖြစ်ပြီး အချိန်တိုအတွင်း အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် မမြချောင်းတံတားသစ်ကြီးသည် သံကူကွန်ကရစ်လွန်တူးပိုင်အုတ်မြစ်အမျိုးအစားဖြစ်ပြီး အောက်ထည်နှင့် အပေါ်ထည်ကို သံကူကွန်ကရစ်နှင့် တည်ဆောက်ထားကြောင်း၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်အကျယ် ၅၈ ပေ၊ အမြင့် သုံးပေရှိကြောင်း၊ ဤတံတားကြီးကို ၁-၁-၂၀၀၉ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယနေ့ ၂၈-၄-၂၀၁၁ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤတံတားကြီးကို နှစ်နှစ်နဲ့သုံးလခန့် တည်ဆောက်ခဲ့ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာ ရှစ်ဦးနှင့် ကျွမ်းကျင်လုပ်သား ၇၃ ဦးတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စက်ယာဉ်ယန္တရားအနေဖြင့် ကွန်ကရစ်ဖျော်စက် နှစ်လုံး၊ ဂဟေဆော်စက် တစ်လုံး၊ တုန်ခါစက် နှစ်လုံး၊ ရေစုပ်စက် နှစ်လုံး၊ ဘိုးပိုင်လွန်တူးစက် တစ်လုံး၊ မီးစက် သုံးလုံးတို့ဖြင့် နေ့ရောညပါ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤတံတားကြီးသည် နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လက်ထက် ပေ ၁၈၀ နှင့်အထက် ပထမဦးဆုံး ဖွင့်လှစ်သော တံတားကြီးဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အနေဖြင့် နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့်အထက် ၅၅ စင်းမြောက်တံတားကြီးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၌ ပေ ၁၈၀ နှင့်အထက် တည်ဆောက်ဆဲ တံတား ၃၄ စင်းလည်းရှိကြောင်း၊

ယခုလက်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေသောလမ်းများအနက် လမ်းအချို့ကို တင်ပြရလျှင်

- **ပဒါန်း-ဂန့်ဂေါ-ကလေးလမ်း၊ မိုင်အရှည် ၃၀၆ မိုင် ၅ ဖာလုံ၊**
- **မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်လမ်း မိုင်အရှည် ၈၆ မိုင် ၆ ဖာလုံ၊**
- **ကိုးပင်-သာဂရလမ်း၊ မိုင်အရှည် ၉၆ မိုင် ၃ ဖာလုံ**
- **ကျောက်ဆည်-ပြင်ဦးလွင်လမ်း၊ မိုင်အရှည် ၆၂ မိုင် ၄ ဖာလုံ**
- **ပြင်ဦးလွင်-မိုးကုတ်လမ်း၊ မိုင်အရှည် ၈၄ မိုင် ၄ ဖာလုံ**
- **ကသာ-စင်းခန်းလမ်း၊ မိုင်အရှည် ၆၅ မိုင်**
- **မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ မိုင်အရှည် ၂၁၈ မိုင်**
- **သက္ကယ်ကျင်း-ဖောင်းပြင်-ခန္တီးလမ်း၊ မိုင်အရှည် ၃၃၀ မိုင်**
- **ပျဉ်းမနား-ပင်လောင်း-တုံဟုံး-နမ့်ပန်-ညောင်ရွှေ-တောင်ကြီးလမ်း၊ မိုင်အရှည် ၁၆၈ မိုင် ၄ ဖာလုံ**
- **ရခိုင်ပြည်နယ်အတွင်း ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း၊ မိုင်အရှည် ၂၂ မိုင် ၆ ဖာလုံ**
- **မြေပုံ-မင်းပြားလမ်း၊ မိုင်အရှည် ၂၄ မိုင် ၇ ဖာလုံ**
- **မြေပုံ-ကန်သာ-ကြာအင်းတောင်လမ်း၊ မိုင်အရှည် ၁၂ မိုင် ၅ ဖာလုံ**
- **ပေါက်တော-မင်းပြားလမ်း၊ မိုင်အရှည် မိုင်၂၀ ၆ ဖာလုံ**
- **ကျောက်တော်-ပလက်ဝလမ်း၊ မိုင်အရှည် ၃၃ မိုင် ၅ ဖာလုံ**
- **ရန်ကုန်-စစ်တွေလမ်း(အမ်း-စစ်တွေအပိုင်း) ၁၉၉ မိုင် ၃ ဖာလုံ**
- **မင်းဘူး-အမ်းလမ်း၊ မိုင်အရှည် ၉၇ မိုင် ၂ ဖာလုံ**
- **အမ်း-တပ်တောင်လမ်း၊ မိုင်အရှည် ၂၄ မိုင်**
- **ကနီ-ကင်း-မင်းကင်း-တောင်တွင်းချောင်(ကလေးဝ)လမ်း ၈၅ မိုင် ၄ ဖာလုံ**
- **သီပေါ-ပန်လုံ-နမ့်ဆန်လမ်း မိုင် ၃၀ ၇ ဖာလုံ**
- **လားရှိုး-မန်စံ-ပန်လုံလမ်း ၂၈ မိုင် ၄ ဖာလုံ**
- **မန်စံ-နမ္မတူ-မန်တုံလမ်း ၃၇ မိုင်**
- **ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်း ၇၆ မိုင် ၃ ဖာလုံ**
- **နမ့်ဆန်-မန်တုံလမ်း ၃၇ မိုင်**
- **ကွတ်ခိုင်-တာမိုးညဲ-တာပါး-ညံခွမ်း-၁၈ မိုင် လမ်းခွဲ(တာရွှေထန်)လမ်း ၇၈ မိုင်**
- **တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း ၂၁၅ မိုင်**
- **မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်း မိုင်အရှည် ၂၁ မိုင် ၄ ဖာလုံ** တို့ ဖြစ်ကြောင်း။

ယင်းလမ်း ၂၆ လမ်းကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောက်လုပ်ရေးအဖွဲ့များဖြစ်သော ခရိုင်အဖွဲ့ ၅၂ ဖွဲ့၊ အထူးစီမံကိန်းကြီးအဖွဲ့ ငါးဖွဲ့၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲ ငါးဖွဲ့၊ လမ်းအထူးအဖွဲ့ ၁၆ ဖွဲ့၊ တံတားအထူးအဖွဲ့ ၁၆ ဖွဲ့၊ အဆောက်အအုံအထူးအဖွဲ့ ရှစ်ဖွဲ့နှင့် လေယာဉ်ကွင်းအထူးအဖွဲ့ ရှစ်ဖွဲ့တို့အပြင် လမ်းတံတားလုပ်ငန်း လက်တွေ့လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီ ၁၂၆ ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက် လုပ်ကိုင်နေကြကြောင်း။

ထို့ပြင် လမ်းပေါင်း ၈၄ လမ်း၊ လမ်းမိုင်ပေါင်း ၅၂၅၂ မိုင် ၁ ဖာလုံကို B.O.T ပေးထားသော ကုမ္ပဏီ ၃၆ ခုကလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းတံတားလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က တံတားကြီးဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။ (သတင်းစဉ်)

✤ ရွှေဖုံးမှ

ပါဝင်ဆောင်ရွက်နိုင်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စတင် လျာထားပြုစုဆောင်ရွက်နေပြီဖြစ်ကြောင်း၊နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး လုပ်ငန်းများကိုလည်း ဆက်လက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့မြို့နယ်အလိုက်၊ အခြေခံပညာကျောင်းအလိုက် ပညာရေးအရည်အသွေး မြင့်မားတိုးတက်ရေးအတွက် ကြိုးပမ်းလေ့လာသင်ယူသွားကြပြီး သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းလည်း မှာကြားခဲ့သည်။

အမှာစကားပြောကြား

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းအုပ်ချုပ်မှုမွမ်းမံသင်တန်း အမှတ်စဉ်(၅/၂၀၁၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ဖွင့်လှစ်သင်ကြားပေး

အဆိုပါ အခြေခံပညာကျောင်း အုပ်ချုပ်မှုမွမ်းမံသင်တန်းသို့ မြို့နယ်ပညာရေးမှူးများနှင့် အထက်တန်းကျောင်းအုပ်ကြီးများ စုစုပေါင်း ၂၂၀ တက်ရောက်လျက်ရှိပြီး မေ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တိုင်းဒေသကြီးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် ဧပြီ ၂၈

ဝန်ထမ်းများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် လုပ်ငန်းများ အတူတကွလက်တွဲဆောင်ရွက်ကြရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်ရှိရေး၊ သတင်းလုံခြုံမှု၊ စာရွက်စာတမ်းလုံခြုံမှု အပါအဝင် လုံခြုံရေးသတိရှိရေး၊ အသစ်ဆောက်လုပ်နေသော စာသင်ကျောင်းများ ကျောင်းဖွင့်ရက်အမီ ပြီးစီးရေး၊ နွေရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးလုံခြုံမှု အထူးဂရုပြုရေး၊ သောက်သုံးရေမပြတ်လပ်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ရေး၊ စီမံကိန်းလျာထားချက်များ အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စစ်တောင်းတံတား (မုပ္ပလင်)နှင့် စစ်တောင်းတံတားဟောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညနေပိုင်းတွင် ဝေါမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး မိုးယွန်းကြီးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ တရားဥပဒေစိုးမိုးရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ရပ်ကွက်/ကျေးရွာရှိ ပြည်သူများအားလုံး ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန်၊ မှုခင်းများ ကျဆင်းစေရန်အတွက် ပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ်ပြုလုပ်ကြရန်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်သွားကြရန်နှင့် မီးဘေးလုံခြုံရေး စီမံချက်ပါအတိုင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက် လေ့ကျင့်ကြရန်တို့ကို မှာကြား၍ ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်ထားသော အလိုတော်ပြည့် သောက်သုံးရေကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း စစ်တောင်းတံတားဟောင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တစ်ပြည်လုံးတွင် နေ့အပူချိန်များ ဆက်လက်လျော့နည်းမည်

နေပြည်တော် ဧပြီ ၂၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၇ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် မှ ၈ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ တစ်ပြည်လုံးတွင် နေ့အပူချိန်များ ဆက်လက်လျော့နည်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား တရုတ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ဂျပန်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H. E. Mr. Takashi SAITO သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi SAITO လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဂျပန်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဂျပန်နိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍတိုးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi SAITO သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ထိုင်းနိုင်ငံ Thaicom Public Co., Ltd. မှ Chief Commercial Officer, Mr. Yongsit Rojsrivichaikul နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ထိုင်းနိုင်ငံ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ထိုင်းနိုင်ငံ Thaicom Public Co., Ltd. မှ Chief Commercial Officer, Mr. Yongsit Rojsrivichaikul နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ဂြိုဟ်တုဆက်သွယ်မှုလုပ်ငန်းများ မြှင့်တင်ရေးနှင့် ဂြိုဟ်တုနည်းပညာဖလှယ်ရေးလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်း-ဒေါ်ဖြူဖြူနှင့် သားသမီးမြေးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ ဘုရားခန်းအတွက် မတည်အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။
(ဇီဝိတဒါနသံဃာ့ဆေးရုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်+ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "သာသနာ့ဂုဏ်ရည်"တရားတော် (ညောင်ကန်ဆရာတော် အရှင်ကုန္ဒက)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၈)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၆)**
- ၈း၅၀ ပျော်စရာကြီး Live Show (အပိုင်း-၅)
- ၉း၂၀ မြန်မာနှစ်ဦးကူသိုလ်မင်္ဂလာ (ဒေဝဒဟာသဗ္ဗသိဒ္ဓိ၊ နတ်စင်တစ်ရာကျောင်း)
- ၉း၃၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီဦးအောင်ခိုင်) (အပိုင်း-၃)
- ၉း၅၅ Activities In The City (တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်းတော်ကြီး၏မြတ်ဆရာပူဇော်ပွဲ)
- ၁၀း၁၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀း၂၀ ကျန်ရစ်ခဲ့သောခြင်ထောင်လေးတစ်လုံး (ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၁၀း၃၀ ဖက်ရှင်လမ်းညွှန် (Aroma ရဲ့ 2011 Wedding Dress)
- ၁၁း၀၀ သူတို့ပြောတဲ့သူတို့အကြောင်း (သုံးထပ်ကွမ်းအကယ်ဒမီ ခင်သီတာထွန်းနှင့်တွေ့ဆုံခြင်း)
- ၁၁း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၀ ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
- ၁၂း၂၅ မေတ္တာစမ်းနံ့ဘေးက. . . ပန်းကလေးများ၏အလှနွေ. . .
- ၁၂း၅၀ မြတ်နိဗ္ဗာန်ကိုရည်မှန်း၍. . .
- ၁း၀၀ "သာသနာ့ဂုဏ်ရည်"တရားတော် (ညောင်ကန်ဆရာတော် အရှင်ကုန္ဒက)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၈)**
- ၄း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၆)**
- ၅း၁၀ Activities In The City
  - သာသနာ့အမွေခံကုသိုလ်စုပေါင်းရှင်ပြုအလှူတော်မင်္ဂလာ
  - Hepto Rep Night
- ၅း၃၀ ထူးခြားဆန်းသစ် INAX Title နှင့်အသက်ရှုကျောက်ပြား Eco carat
- ၅း၄၀ ရန်ကုန်မြင်ကွင်းကျယ် (ချမ်းမြေ့ရိပ်သာကျောင်း စာရေးတံမဲပွဲ)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ကြည့်ရှုစရာသတ္တဝါအစုံအလင်နဲ့ အပန်းဖြေအနားယူနိုင်တဲ့ ဗန်ကောက်မှ SAFARI WORLD
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၉)**
- ၇း၃၀ ပျော်စရာကြီး Live Show (အပိုင်း-၆)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဂီတသရုပ်ပြခန်း (အိန်အိန်း- မတူညီတဲ့ရောစပ်ခြင်း)
- ၉း၀၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၇)**
- ၁၀း၂၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အလန်းဇယား"
- ၁၀း၄၀ VJ Choice
- ၁၁း၀၅ World of Knowledge (My Brilliant Brain Accidental Genius)
- ၁၁း၅၅ ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်. . .
- ၁၂း၀၅ Science For All (ဆူနာမီအန္တရာယ် သတိပြုဖွယ်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၁၂း၃၀ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
- ၁၂း၃၅ Box Office Movies (Fast & Furious 4)
- ၁၂း၅၅ ကလောဈေးနေ့
- ၁း၀၀ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၂)
- ၁း၂၅ စွမ်းရည်မြင့်မားလယ်ယာ(၁၆) လက်တွန်းထွန်စက်တာယာများ
- ၁း၅၅ အလှဆင်စရာပရိဘောဂကမ္ဘာ (မြနန်းပုံပရိဘောဂ)
- ၂း၀၅ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာဗဟုသုတလေ့လာပါ RESOURCE CENTER မှာ
- ၂း၂၅ စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina)
- ၂း၅၀ မြန်မာ့ရွှေချည်ထိုးပညာ
- ၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၀ မြန်မာမှုလက်ရာပန်းတဉ်းပညာ
- ၄း၃၀ ဓနုဖြူမြို့ရဲ့အထင်ကရနေရာများဆီသို့ အလည်တစ်ခေါက်
- ၄း၄၀ စိန်ဘုရားများသီတင်းသုံးရာ ပဒုမ္မာ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သွေးသည်အသက်

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ပြည်လမ်း အင်းလျားကန်ပေါင်၌ အမျိုးသားတစ်ဦး သေဆုံး

ရန်ကုန် ဧပြီ ၂၈

ဧပြီ ၁၅ ရက် ညနေ ၃ နာရီခန့်တွင် လှိုင်မြို့နယ် (၁၀)ရပ်ကွက် ပြည်လမ်း-အင်းလျားကန်ပေါင်ဘက်ခြမ်း၌ အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးကြသည်။

သေဆုံးနေသူမှာ အသက်(၂၀)ခန့် မြန်မာအမျိုးသား(စိစစ်ဆဲ)ဖြစ်ပြီး ပြည်လမ်း အဲယားပုဂံမဏ္ဍပ်ရှေ့တည့်တည့် ပြည်လမ်းတစ်ဖက်ပလက်ဖောင်းပေါ်တွင် မြောက်ဘက်သို့ ခေါင်းပြုလျက် ပက်လက်အနေအထားဖြင့် ဝမ်းဗိုက်ယာဘက် ထိုးသွင်းဒဏ်ရာ တစ်ချက်ရရှိကာ သေဆုံးနေ၍ အလောင်းအား ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ရာ (PR.055)ဖြင့် လက်ခံထားရှိသည်။

ယင်းအမှုမှ တရားခံအား စုံစမ်းအရေးယူပေးရန် ဒုရဲအုပ် ကျော်လွင်ဦးက တရားလိုပြုလုပ် တိုင်တန်းမှုကို လှိုင်ရဲတပ်ဖွဲ့စခန်းက (ပ)၁၆၇/၁၁ ပြစ်မှုပုဒ်မ ၃၀၂ အရ အမှုဖွင့်ပြီး ရဲအုပ်သန်းဝင်းနှင့်အဖွဲ့က စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၃၁)

ထော်လာဂျီနှင့် ဆိုင်ကယ်တိုက်ရာမှ တစ်ဦးသေဆုံး

ကောလင်း ဧပြီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အနောက်ဘက် ငါးမိုင်အကွာ ရေကန်သာအုပ်စု သဖန်းကုန်းကျေးရွာအနီးတွင် ဧပြီ ၁ ရက်က ကောလင်း-ဥက္ကံလမ်းမကြီးပေါ်တွင် ထော်လာဂျီနှင့် ဆိုင်ကယ်တိုက်မိ၍ ဆိုင်ကယ်စီးသူ ပွဲချင်းပြီးသေဆုံးကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ကောလင်းမြို့အနောက်ဘက် ရေကန်သာအုပ်စု သဖန်းကုန်းကျေးရွာ ရေကန်သာမှ သုံးဖာလုံခန့်အကွာ ဥက္ကံလမ်းအတိုင်း မြောက်မှ တောင်ဘက်သို့ AoBo အမျိုးအစား ၁၂၅ ဆိုင်ကယ်ကို အရှိန်ပြင်းစွာမောင်းနှင်လာသူ မောင်ဝင်း (၃၆)နှစ် (ဘ) ဦးကျော်မြင့်သည် အဆိုပါလမ်းအတိုင်း တောင်မှ မြောက်သို့ သန်းဇော်ဦး (၂၇)နှစ် (ဘ) ဦးမောင်သန်း မောင်းနှင်လာသော ယာဉ်အမှတ် ၃၄/၃၉၅၅ ထော်လာဂျီ (အပြာရောင်)မှ မျက်နှာချင်းဆိုင် ဝင်တိုက်မိသဖြင့် မောင်ဝင်းသည် ယင်းနေရာတွင် ပွဲချင်းပြီး သေဆုံးသွားသည်။

အဆိုပါ အမှုကို ကောလင်းရဲစခန်းမှ တရားခံသန်းဇော်ဦးအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (၂၁၄)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ စွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား တရုတ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာကိစ္စရပ်များ အမြန်ပြီးစီးရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ် သစ်တောဝန်ကြီးဌာန ဝန်ကြီး စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၈

မွန်ပြည်နယ် သစ်တောဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမော်ဦးသည် မွန်ပြည်နယ် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းများအား ဧပြီ ၇ ရက်တွင် မွန်ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ တွေ့ဆုံမှာကြားသည်။

ထို့နောက် ဧပြီ ၈ ရက်တွင် မွန်ပြည်နယ် မြန်မာ့သစ်လုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာရုံး၊ မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာန မြိုင်သာယာ အမြဲတမ်းပျိုးဥယျာဉ်၊ ၂၀၁၀ ခုနှစ် တန်ဖိုးနည်းကျေးလက်အိမ်ရာ တစ်ရွာတစ်ဧက သစ်မာယူကလစ်စိုက်ခင်းနှင့် ဖားအောက်ကျေးရွာ တစ်အိမ်ထောင် ကျွန်းသုံးပင်အစုအဖွဲ့ ကျွန်းစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဧပြီ ၂၃ ရက်တွင် မော်လမြိုင် (တွဲဖက်-ချောင်းဆုံမြို့နယ်)သို့ ရောက်ရှိပြီး ချောင်းဆုံမြို့နယ် တာဝန်ခံရုံးသစ်၌ အင်ကြင်းပင် စိုက်ပျိုးပေးကာ ပျိုးဥယျာဉ်နှင့် ကုလားတို့ကျေးရွာ တစ်ရွာ တစ်ဧက သစ်မာယူကလစ် စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧပြီ ၂၄ ရက်က ကျင်းပသည့် အလက(၅) ရန်ကင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူဟောင်းများ ကိုယ်စား ကျောင်းသူဟောင်း မဝင်းဝင်းမြိုင်က ကန်တော့ချိုး တိုင်ကြားကာ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။ (ကြေးမုံ)

ပညာဂုဏ်ရောင် အလင်းဆောင် ပညာဂုဏ်ရောင် အလင်းဆောင် ပညာဂုဏ်ရောင် အလင်းဆောင်

ခင်ဦးမြို့နယ် စာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပ

ခင်ဦး ဧပြီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် တမာကျေးရွာ၌ တာချီလိတ်မြို့ ရွှေဥတောင်ကျောင်းဆရာတော် ဦးသုမန ဆောက်လုပ်လှူဒါန်းသော ပညာဒါန စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂ ရက် နံနက် ၉ နာရီတွင် အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ ခရိုင်စီမံကိန်းဦးစီးမှူး ဦးတင်မြင့်က အမှာစကားပြောကြားပြီး ပြန်/ဆက်ဦးစီးမှူး ဒေါ်ကြည်ဆန်းက စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဟောပြောဆွေးနွေးသည်။ စာပေဟောပြောပွဲတွင် စာရေးဆရာ ဒေါက်တာတင်ဝင်း၊ စာရေးဆရာ အောင်ဘုန်းညိုနှင့် ဆရာလှသိပ္ပံတို့က စာပေရေးရာဆိုင်ရာများ ဟောပြောဆွေးနွေးကြသည်။ ထို့နောက် ပညာဒါန စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်များ လှူဒါန်းကြရာ ပြန်/ဆက်ဦးစီးမှူး ဒေါ်ကြည်ဆန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။ (မြို့နယ်ပြန်/ဆက်)

နေပြည်တော်၌ စာပေဟောပြောပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၈

စာပေဟောပြောပွဲကို ဧပြီ ၃ ရက်က နေပြည်တော်တောင်ညိုပြည်သူ့အားကစားကွင်း၌ လည်းကောင်း၊ ဧပြီ ၄ ရက်က နေပြည်တော်မင်းကုန်းအုပ်စု ကွဲရှင်းပြည်သူ့အားကစားကွင်း၌ လည်းကောင်း **(အပေါ်ပုံ)** ကျင်းပခဲ့ရာ စာရေးဆရာများဖြစ်ကြသော ကြည်မင်း၊ ထက်ကျော်၊ ဝင်းသူရ၊ မောင်တည်အေး၊ ဦးဘုန်း(ဓာတု) နှင့် ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)တို့က ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။ ဟောပြောပွဲအခမ်းအနားတွင် ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ် (ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က လတ်တလောထွက်ရှိထားသော ကျန်းမာပျော်ရွှင်မီးအိမ်ရှင် စာအုပ် အပါအဝင် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိသမျှ စာအုပ်အားလုံးကို လည်းကောင်း၊ စာရေးဆရာများ၏ကိုယ်စား ဦးဘုန်း(ဓာတု)က သုတရသ စာအုပ်မျိုးစုံတို့ကိုလည်းကောင်း ကျေးလက်စာကြည့်တိုက်များအတွက် အသီးသီးပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

အမရပူရမြို့နယ် နရားပုံ့စာကြည့်တိုက် နှစ်ပတ်လည်နေ့ ကျင်းပ တစ်နှစ်ပတ်လုံးစာဖတ်အများဆုံးဆုများ ပေးအပ်

မြစ်ငယ် ဧပြီ ၂၈

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စာတိုး-မြို့ပြင်ကြီးကျေးရွာအုပ်စုရှိ နရားပုံ့စာကြည့်တိုက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဧပြီ ၈ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက နရားပုံ့စာကြည့်တိုက် အခွန့်ရှည်တည်တံ့ခိုင်မြဲစေရန်နှင့် စာကြည့်တိုက်အသင်းဝင်များနှင့် စာဖတ်သူများ ပိုမိုများပြားလာစေရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နရားပုံ့စာကြည့်တိုက်အတွက် ဆရာမဒေါ်မမနိုင် (ရုပ်သေး)က ရသစုံစာအုပ်များ ပေးအပ်လှူဒါန်းရာ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက လက်ခံရယူပြီး စာကြည့်တိုက်တွင် တစ်နှစ်ပတ်လုံး စာဖတ်အများဆုံးဆုများ ပေးအပ်ရာ ပထမ မဂျူးဂျူး၊ ဒုတိယ မစောရာဝင်းနှင့် တတိယ မောင်ကောင်းမြတ်တို့အား ခရိုင်ဦးစီးအရာရှိက အမှတ်တရဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(၄၃၃)

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ်၊ စာစောင်များ လှူဒါန်း

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ အောင်မြင်စေရေးအတွက် စေတနာရှင်အလှူရှင်များက အလှူငွေနှင့် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းလျက်ရှိရာ ဧပြီ ၂၆ ရက်တွင် အလှူရှင်ဗိုလ်မှူးကြီး စောမြင့်(ငြိမ်း) မှူးသမိန်(ယိမ်းနွဲ့ပါး)က ငွေကျပ် ၁၂၂၅၀၀၀ တန်ဖိုးရှိ မဟေသီ မဂ္ဂဇင်း အုပ် ၄၀၀ နှင့် ဂျာနယ်မျိုးစုံ အစောင် ၄၅၀၊ ဦးစံမောင်(မြတ်စျာန်)-ဒေါ်အုန်းကြည်တို့က ငွေကျပ် ၁၀၅၀၀၀၀ တန်ဖိုးရှိ သုတစာအုပ် ၃၀၀၊ ဒေါ်ခင်ခင်ဝင်း (ကလျာ-ဝိဇ္ဇာ/သိပ္ပံ)ကလျာမဂ္ဂဇင်းနှင့် အော့ဖ်ဆက်လုပ်ငန်းက ငွေကျပ် ၆၁၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်း ၂၇၅ အုပ်နှင့် ဝတ္ထု ၆၀ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေတို့က လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ်၊ စာစောင်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆၊ ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာထောက်(၃)ဒေါ်ရည်လေးလွင်နှင့်အဖွဲ့ ဧပြီ ၃ ရက်က ၃/မာန်ပြေရပ်ကွက်ရှိ ဖိုးရာဇာစာကြည့်တိုက်၌ စာကြည့်တိုက်ကော်မတီဝင်များနှင့် စာဖတ်ပရိသတ်များ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကို တွေ့ဆုံဆွေးနွေးကြရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး (စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ) ဦးကြည်မြင့် အမှာစကားပြောကြားစဉ်။

(မြို့နယ်ပြန်/ဆက်)

ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးကူညီ

ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာပြည်သူတို့အတွက် သီးသန့် ဖွင့်လှစ်ထားသော ဆေးကြည့်ခန်းနှင့်ကျန်းမာရေးစောင့်ရှောက်မှုဌာန အသိအမှတ်ပြု **WHITE & GREEN MEDICAL CENTRE** သည် (၂၄-၃-၂၀၁၁) တွင် UK နိုင်ငံ Guardian Independent Certification Body မှ ထုတ်ပေးသော Quality Management Standard ISO 9001 : 2008 Certificate (No. 683352) ကိုရရှိ၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးကျော်မြင့်ဝင်း (ဥက္ကဋ္ဌ ၊ မြန်မာသဘာဝဆေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းရှင်များအသင်း)

ဦးကျော်မြင့်ဦး (အတွင်းရေးမှူး ၊ မြန်မာသဘာဝဆေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းရှင်များအသင်း)

WHITE & GREEN MEDICAL CENTRE တွင်ဆေးစစ်ဆေးကုသမှုခံယူသော သဘောတူလူနာများ၊

မိတ်ဆွေ သူငယ်ချင်းများ

နေပြည်တော် စိန်တလုံးသရက်ဇုန် ရာသီအချိန်မီစိုက်ပျိုးရန် နှိုးဆော်ခြင်း

နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲ/ယာ တစ်လျှောက်၌ စိန်တလုံးသရက်စိုက်ပျိုးရေး သီးသန့်ဇုန် ခြံများ ဖော်ထုတ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုအဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ချထားပေးသော မြေကို လေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်၍ ပထမနှစ်တွင် ၃၀ ရာခိုင်နှုန်း၊ ဒုတိယနှစ်တွင် ၃၅ ရာခိုင်နှုန်း၊ တတိယ နှစ်တွင် ၃၅ ရာခိုင်နှုန်း စိုက်ပျိုးသွားရန်နှင့် နောက်ဆုံးနှစ်တွင် စိုက်ပျိုး မြေများအားလုံး ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ပထမနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သော ၃၀ ရာခိုင်နှုန်းကို ယနေ့အထိ လုပ်ငန်းများ စတင်ဆောင်ရွက်သူများ ရှိသကဲ့သို့ လုံးဝလုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသေးသူများလည်းရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် စိန်တလုံးသရက် စိုက်ပျိုးရန်အတွက် ယခုအချိန်တွင် မြေဖော် တောရှင်းလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် ပျိုးပင်များကို အချိန်မီစုဆောင်းပြီး ရာသီအမီ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အကယ်၍ ရာသီအချိန်မီ စိုက်ပျိုးခြင်းမပြုသော သရက်ဇုန် ခြံမြေကွက်များကို နေပြည်တော် စိန်တလုံးသရက်စိုက်ပျိုးရေးဇုန် ကြီးကြပ်မှုကော်မတီက ကွင်းဆင်းစစ်ဆေးပြီး စိန်တလုံးသရက်စိုက်ပျိုးရန် ချထားပေးသော အမည်စာရင်းမှ ပယ်ဖျက်၍ အခြားအမှန်တကယ် စိုက်ပျိုးလုပ်ကိုင်လိုသူများကို မြေနေရာ ပြန်လည်ချထားသွားမည် ဖြစ်ကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

နေပြည်တော်စိန်တလုံးသရက်စိုက်ပျိုးရေးဇုန်
ကြီးကြပ်မှုကော်မတီ

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ပြည်မြို့နေ ဦးဘကျော်-ဒေါ်စောရီ၊ ဦးသိန်းမောင်-ဒေါ်ဖြူတို့၏မြေး၊
ဦးခင်မောင်ဝင်း(ကုန်သွယ်ရေး-ငြိမ်း)-ဒေါ်သိန်းမြင့်တို့၏တစ်ဦးတည်းသောသား

မောင်ကျော်ဇေယျာဝင်း (ဇေယျာ)

B.Sc (Math), Diploma In Computer
Supervisor(Tree Tops Executive Residences Engineering, Singapore)

နှင့်

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၁၇/၁၈)၊ အင်းဝလမ်းနေ
အရာခံဗိုလ်သန်းထွန်း(ငြိမ်း)(တပ်မတော်-လေ)-ဒေါ်ခင်စောဝေတို့၏သမီး၊
ဦးရဝေထွန်း(ဦးစီးအရာရှိ၊ ပုသိမ်ခရိုင်ရုံး၊ စီမံကိန်းဦးစီးဌာန)-ဒေါ်မိုးမိုးလွင်(ဦးစီးအရာရှိ၊ ပုသိမ်ခရိုင်ရုံး၊ စီမံကိန်းဦးစီးဌာန)၊ မဝေသန္တာထွန်း B.Sc(Zool), Diploma In Korea, D,A(UK), Accountant. (Techno Engineering and Associates Co., Ltd.)တို့၏ ညီမလေး

မဝေမာလာထွန်း

Master of Engineering Physics, Yangon University
(Diploma of Business Administation, London)
Shipping Officer (Schenker Singapore Pte.Ltd.)

တို့ကို ၂၇-၄-၂၀၁၁ရက် (ဗုဒ္ဓဟူးနေ့)တွင် စမ်းချောင်းမြို့နယ်တရားရုံး၌ နှစ်ဖက်သော မိဘ ဆွေမျိုးမိတ်သင်္ဂဟများနှင့်ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် လက်ထပ်ထိမ်းမြား မင်္ဂလာပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇေယျာဝင်း-မဝေမာလာထွန်း

ဝယ်လိုသည်။

လိုင်းသာယာ 40 ' x 60' (မြေကွက်)များ ဝယ်လိုသည်။

Ph : 09-513 0632, 09-7313 7838

အများသိစေရန် အသိပေးကြေညာချက်

Star World General Co.,Ltd.

Star World General Co.,Ltd.



Star World General Co.,Ltd.

မော်တော်ဆိုင်ကယ်စီးနင်းသူများသို့ သတိပေးကြေညာချက်

၁။ နေပြည်တော်နယ်မြေအတွင်း ယာဉ်မတော်တဆမှုများတွင် မော်တော်ဆိုင်ကယ် အသုံးပြုသူများသည် သေဆုံး၊ ထိခိုက် ဒဏ်ရာရရှိမှု အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂။ ထိုသို့ဖြစ်ပွားရခြင်းမှာ မော်တော်ဆိုင်ကယ်စီးရေ တိုးတက် များပြားလာသည့်အပြင် စီးနင်းမောင်းနှင်သူတချို့သည် ဆိုင်ကယ်စီးသင်တန်း တက်ရောက်ထားခြင်းမရှိသည့်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည့်ပြည့်စုံစုံ မသိရှိခြင်း၊ ဆိုင်ကယ်စီးမကျွမ်းကျင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ်ကို စနစ်တကျ မဆောင်းခြင်း၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။

၃။ မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင်သူများအား နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ဆိုင်ကယ်စီး သင်တန်းများပေးပြီး ဆိုင်ကယ်မောင်းနှင်ခွင့်လိုင်စင်များ ထုတ်ပေးလျက်ရှိပါသည်။

၄။ ယခုအခါ မော်တော်ဆိုင်ကယ်စီးသင်တန်းအား ပိတ်ရက်မရှိ ဖွင့်လှစ်ပေးလျက်ရှိရာ မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင် လိုသူများသည် သင်တန်းတက်ရောက်ပြီး ဆိုင်ကယ်စီးနင်း မောင်းနှင်ခွင့်လိုင်စင်များ ပြုလုပ်ကိုင်ဆောင်ထားကြရမည် ဖြစ်ပါသည်။

၅။ မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်သူများအား ၁၀-၆-၂၀၁၁ ရက်နေ့ နောက်ပိုင်းတွင် ယာဉ်မောင်းလိုင်စင်မရှိဘဲ စီးနင်း မောင်းနှင်ခြင်းကို စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေး ကြေညာ အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

Myanmar Noble College

Secondary Level – 2 International Pre University Programme

၁။ Grade 9 (ဒသမတန်း) Secondary Level 2 Pre University Programme - Sixth Form (၂)နှစ်သင်တန်းကို ၂၀၁၁ (၁၅)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်။

၂။ Sixth Form Sixth Form

၃။ High School Graduation Certificate ကို ရရှိမည်။

၄။ Certificate GCSE / IELTS

၅။

ကျောင်းသားရေးရာဌာန – Myanmar Noble College

ရန်ကုန်မြို့

ရန်ကုန်မြို့ ဒဂုံမြို့နယ် မနော်ဟရီလမ်းနေ ဒေါ်မိမိခင် မွေးနေ့အထိမ်းအမှတ်အဖြစ် တစ်နေ့လုံးစာ အထူးအာဟာရ ထာဝရ ဆေးပဒေသာပင်နှင့် ရေလှောင်ကန်သစ်ကြီးအတွက် ငွေကျပ် လေးသိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံပေးအပ် လှူဒါန်းစဉ်။ (ကြေးမုံ)

ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတွင် မတ် ၂၅ ရက်က ကျင်းပသည့် အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှုသင်တန်းဆင်းပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ သင်တန်းဆင်း အမှာစကားပြောကြားစဉ်။ (ခရိုင်ပြန်/ဆက်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ယနေ့ သတင်းအညွှန်း

စာနယ်ဇင်းများသာ အဓိကရောင်းချမည့် မီဒီယာကော်နာ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်၌ ဖွင့်လှစ်မည်
သတင်း - စာမျက်နှာ ၆

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့ ပြန်လည်ရောက်ရှိ
သတင်း - စာမျက်နှာ ၇

ရီးယဲလ်အိမ်ကွင်းတွင် ဘာစီလိုနာကို အရှုံးပေးလိုက်ရ မော်ရင်ဟို၏ ချန်ပီယံအိပ်မက်မှေးမှိန်
သတင်း - စာမျက်နှာ ၇

စင်ကာပူနိုင်ငံ၌ စမ်းသပ်မောင်းနှင်မည့် လျှပ်စစ်ကားတစ်စီးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စွမ်း အင် သိ ပ္ပံ အင် တာ နက် သ တင်း
ဘာသာပြန် - စံစံ

စင်ကာပူ၌ လျှပ်စစ်ကားများ စမ်းသပ်မောင်းနှင်မှု ဇွန်လတွင် စတင်နိုင်မည်ဟု မျှော်လင့်ရ

စင်ကာပူ ဧပြီ ၂၈

စင်ကာပူနိုင်ငံ၌ လျှပ်စစ်ကားများ စမ်းသပ်မောင်းနှင်မည့် သုတေသနအစီအစဉ်ကို ဇွန်လတွင် စတင်နိုင်မည်ဟု မျှော်လင့်ရကြောင်း စထရိတ်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

စင်ကာပူနိုင်ငံ၌ လျှပ်စစ်ကားများ၏ ကြံ့ခိုင်မှုနှင့် အသုံးပြုနိုင်မှုစွမ်းပကားတို့ကို စမ်းသပ်မောင်းနှင်မည့် အစီအစဉ် အကောင်အထည်ဖော်ရန် တစ်နှစ်ကြာမျှ နှောင့်နှေးကြန့်ကြာခဲ့ရသည်။

ဘက်ထရီစွမ်းအင်သုံးကားများ (လျှပ်စစ်ကားများ) အစီး ၅၀ အထိကို ဂျပန်နိုင်ငံမှမှာယူကာ စမ်းသပ်မောင်းနှင်မည့်အစီအစဉ်ကို ၂၀၀၉ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂျပန်နိုင်ငံ မစ်ဆူဘီရှီကုမ္ပဏီကထုတ်လုပ်သော လျှပ်စစ်ကားများကို ယခုနှစ်တွင် လက်ခံရရှိမည်ဟု ကနဦးတွင် မျှော်လင့်ခဲ့သော်လည်း နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေကြောင်း သတင်းစာက ရေးသားသည်။

ဂျပန်နိုင်ငံမှ မှာယူထားသော လျှပ်စစ်ကားများအနက် ငါးစီးကို စင်ကာပူနိုင်ငံက မကြာသေးမီက လက်ခံရရှိခဲ့သည်။

မစ်ဆူဘီရှီကုမ္ပဏီကထုတ်လုပ်သော လျှပ်စစ်ကားကို I-MIEVဟု အမည်ပေးထားသည်။

စင်ကာပူနိုင်ငံ၌ ဂျပန်လုပ်လျှပ်စစ်ကားများကို အသုံးပြုကာ **စာမျက်နှာ ၇ ကော်လံ ၆ သို့** ❖

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၈ - ၄ - ၂၀၁၁

တပ်ကုန်း	၁ ဒသမ ၁၈ လက်မ
သံတွဲ	၂ ဒသမ ၉၉ လက်မ
မောင်တော	၂ ဒသမ ၉၂ လက်မ
စစ်တွေ	၂ ဒသမ ၇၂ လက်မ
ရမည်းသင်း	၁ ဒသမ ၈၁ လက်မ
ပင်လောင်း	၁ ဒသမ ၇၇ လက်မ

လှော်ကားဥယျာဉ် အလုပ်သမားနေ့ ဖွင့်မည်

ရန်ကုန် ဧပြီ ၂၈

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားပြီး မေ ၁ ရက် အလုပ်သမားနေ့တွင်လည်း ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ထားမည်ဖြစ်သည်။

(သတင်းစဉ်)